www.burmeseclassic.com

# ကောင်းပန့်




ညူ ယဉ် မြင်း

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်၊ ၁၅၈/၂၀၀၀ (၂)
မျက်နှာဖုံးခွင့်ပြုချက်၊ ၁၈၁/၂၀၀၀ (၃)

ထုတ်ဝေသူ — ဦးတင်ရှိန် (၀၃၇၆၃)
စန်းရောင်ရှိန်စာပေ
အမှတ် ၄/၁၇၇၊ မေခလမ်း၊
တောကြီးမြို့သစ်၊ မြောက်ဥက္ကလာပမြို့
ရန်ကုန်။

ပုံနှိပ်သူ — ဦးဝင်းလွင် (မြ-၀၅၃၆၆)
ရွှေဟသာပုံနှိပ်တိုက်
အမှတ် ၇၊ ဈေးလမ်း၊
ပုဇွန်တောင်မြို့နယ်။

ပုံနှိပ်ခြင်း — ပထမအကြိမ်၊ (၂၀၀၀ ပြည့်နှစ်)
အုပ်ရေ — ၁၀၀၀
တန်ဖိုး — 400/-ကျပ်
အဖုံးဒီဇိုင်း — ကင် (မ)
ဖလင် — မဟာမီဒီယာ
ကွန်ပျူတာစာစီ — ကိုတင်ထွန်း
စာအုပ်ချုပ် — စိန်ကြည်
ဖြန့်ချိရေး — ကောင်းသန့်စာပေ၊
အမှတ် ၁၄၇၊ ပ-ထပ်၊
၃၇ လမ်း (လယ်)၊
ရန်ကုန်။ ☎ ၂၇၈၃၆၈



ကောင်းသန့်

# သူငယ်ချင်း

ကောင်းသန့် စာပေ
အမှတ် ၁၄၇၊ ပ-ထပ်၊ ၃၇ လမ်း (လယ်)
ရန်ကုန်မြို့။ ☎- ၂၇၈၃၆၈



www.burmeseclassic.com

www.burmeseclassic.com



## ထုတ်ဝေပြီးသောစာအုပ်များ

၁။ အချစ်ဆုံးသို့ (ဒဿနစာစုများ)
ပထမအကြိမ်၊ ၁၉၉၆၊
ဒုတိယအကြိမ်၊ ၁၉၉၉၊

၂။ အချစ်ဆုံးသို့ (ဒဿနသံစဉ်တိတ်ခွေ)
ပထမအကြိမ်၊ ၁၉၉၇

၃။ လွတ်မြောက်သွားသူ (ဘာသာပြန်ဝတ္ထုရှည်)
ပထမအကြိမ်၊ ၁၉၉၇

၄။ ကောင်လေးကောင်မလေး (ဒဿနစာစုများ)
ပထမအကြိမ်၊ ၁၉၉၇
ဒုတိယအကြိမ်၊ ၁၉၉၉

၅။ သမီးလေးဖတ်ဖို့ (ဒဿနစကားစုများ)
ပထမအကြိမ်၊ ၁၉၉၇
ဒုတိယအကြိမ်၊ ၁၉၉၉

၆။ ဘုရားသခင်သည် (ဘာသာပြန်ဝတ္ထုတိုများ)
အမှန်တရားကိုသိတော်မူသည်နှင့်
အခြားဝတ္ထုတိုများ
ပထမအကြိမ်၊ ၁၉၉၇

၇။ ချစ်သူဖတ်ဖို့ (ဒဿနစကားစုများ)
ပထမအကြိမ်၊ ၁၉၉၈
ဒုတိယအကြိမ်၊ ၁၉၉၉



www.burmeseclassic.com

www.burmeseclassic.com


၈။ တို့နှစ်ယောက် [illegible]

ပထမအကြိမ်၊ ၁၉၉၉

ဒုတိယအကြိမ်၊ ၂၀၀၀

၉။ သမီးလေးဖတ်ဖို့ (၂) (ဒဿနစကားစုများ)

ပထမအကြိမ်၊ ၁၉၉၉

၁၀။ ကော့ကေးဆပ်အကျဦးသား (ဘာသာပြန်ဝတ္ထုရှည်)

ပထမအကြိမ်၊ ၁၉၉၉

၁၁။ ကောင်းသန့်မှတ်စု (မှတ်စု)

ပထမအကြိမ်၊ ၁၉၉၉

၁၂။ ချစ်သူ့အကြောင်း (ရသစာစုများ)

ပထမအကြိမ်၊ ၁၉၉၉

၁၃။ အိပ်မက်အလွှမ်း (ဘဝဒဿနဝတ္ထုရှည်)

ပထမအကြိမ်၊ ၁၉၉၉

၁၄။ ဖေဖေ့လက်ဆောင် (ဒဿနကဗျာရှည်)

ပထမအကြိမ်၊ ၁၉၉၉

၁၅။ ကောင်းသန့်ဗေဒင်ဒိုင်ယာရီ (ဒိုင်ယာရီ)

ပထမအကြိမ်၊ ၁၉၉၉

၁၆။ သားဖေဖေ (ဒဿနစကားစုများ)

ပထမအကြိမ်၊ ၂၀၀၀

၁၇။ သူငယ်ချင်း (ဒဿနစကားစုများ)

ပထမအကြိမ်၊ ၂၀၀၀


**ဆက်လက်ထုတ်ဝေမည့် စာအုပ်များ**


၁။ သမီးလေးဖတ်ဖို့ (၃) (ဒဿနစကားစုများ)

၂။ အချစ်ဘဝဒဿနများ (ဒဿနစာစုများ)

၃။ လူတွေဘာနဲ့နေ (ဘာသာပြန် ဝတ္ထုရှည်)

၄။ ချစ်တပည့်သို့ (ပညာပေးစာစုများ)




# ရည်ညွှန်းချက်

မရှိအတူ ရှိအတူ
ဆိုးတူ ကောင်းဘက်
လည်ပင်းဖက်
ပေါင်းသင်း ကြီးပြင်းခဲ့သော
ငယ်သူငယ်ချင်း များသို့
ရည်ညွှန်းပါသည်။

ထို့အတူ
သူငယ်ချင်း မင်တတ်သော
ဘဝတိုးတက် ထက်မြက်စေရန်
အစဉ်အားထုတ် ကြိုးပမ်းနေသော
လူငယ်လူရွယ် များကိုလည်း
ဤစကားစုများဖြင့်
ရည်စူး ညွှန်းဖွဲ့လိုက်ပါ၏။

ကောင်းသန့်



www.burmeseclassic.com

www.burmeseclassic.com

## သူငယ်ချင်း ... သို့

သူငယ်ချင်း ... မင်းကို ဘယ်လောက်ချစ်ခင် တွယ်တာခဲ့တယ်ဆိုတာ ငါသာ ... အသိဆုံး။ ဘယ်တော့မှ မမုန်း။ ဘယ်တော့မှ မမေ့။ သတိတရ ရှိနေဆဲ။

ဘဝဆိုတာ တိုတိုလေး။ တိုတောင်းတဲ့ ဘဝလေးထဲမှာ တို့ သူငယ်ချင်းတွေ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် အမြဲတမ်း နေသွားရရင် ကောင်းမှာပဲနော်။

ဒါပေမယ့် ... ဘဝဆိုတာ ပြဇာတ်တိုလေးတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ကပြနေကြရတာနဲ့ တူတယ် မဟုတ်လား။ ငါ ... နောက်ဆုံး ကပြနေရတဲ့ ပြဇာတ်အသစ်ထဲမှာ သူငယ်ချင်းက ပါမလာခဲ့လေတော့ ... ဟိုတုန်းက တို့အတူ ကပြခဲ့ကြတဲ့ ပြဇာတ်လေးတွေကိုပဲ ... ပြန်တမ်းတပြီး လွမ်းနေရတော့တာပေါ့။

လွမ်းတယ် ... သူငယ်ချင်းရယ်။

ငါ့လိုပဲ ... အခြားသူတွေလည်း သူတို့သူငယ်ချင်းတွေကို သတိရ လွမ်းဆွတ်နေမှာပဲ ထင်ပါရဲ့။ မလွှဲသာ ခွဲခွာကွဲကွာနေကြရတဲ့ သူငယ်ချင်းတွေကိုယ်စား ခံစားပြီး ရေးလိုက်တဲ့ ဒီစာစုလေးတွေဟာ သူငယ်ချင်းနဲ့တကွ အားလုံးသော သူငယ်ချင်းတွေအတွက် ကြည်နူးတမ်းတ အမှတ်ရ လွမ်းဆွတ်စရာ ဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

သူငယ်ချင်းကို ချစ်တဲ့ ...

**ကောင်းသန့်**

BURMESE CLASSIC



**သူငယ်ချင်း ...**

**သီချင်းအတူ ဆိုရအောင်။**
**သီချင်းဆိုနေခိုက်**
**အကြိုက်မတူ မငြူစူကြေး။**
**နာကြည်းမုန်းတီး**
**သောကမီးတွေ ငြိမ်းပါစေ။**
**ဘာပဲဖြစ်ဖြစ် စိတ်မညစ်ဘဲ**
**အော်ဟစ် သီဆိုကြရအောင်။**

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း …

ပျော်ပျော်ပါးပါး
ခံစားအတူ။
သူ ပျော်ရင် ကိုယ်လည်း ပျော်
ကိုယ် ပျော်ရင် သူလည်း ပျော်
အဖော်မင်တဲ့ သူငယ်ချင်း
နှလုံးသားချင်း ဆက်ထားမယ်။



သူငယ်ချင်း …

တစ်နယ် တစ်ကျေး
ဟိုး အဝေးမှာ
မင်းက တစ်မြို့
ငါ တစ်မြို့နဲ့
တို့ မဆုံနိုင်။
မင်းက မင်း နေရာ
ငါက ငါ့ နေရာမှာ
ကျရာ တာဝန် ထမ်းရင်း
အလွမ်းသီချင်း ဆိုကြမယ်။

www.burmeseclassic.com

www.burmeseclassic.com



**သူငယ်ချင်း ...**

အယူအဆ မတူမှုလို့
မင်းက တစ်မျိုး ငါ တစ်မျိုးမို့
စိတ်ဆိုးရင် ဆိုး
စိတ်ကောက်ရင် ကောက်
**ထိပ်ပေါက်အောင်တော့ မထိုးနဲ့။**



**သူငယ်ချင်း ...**

**ဝေးကွာခဲ့ရ**
**မတွေ့ကြ၍**
**မေ့ မထင်နှင့်။**
ရင်မှာ သိမ်းထား
နှလုံးသားက
ခံစားမှတ်မိ
သတိရနေတာ
ယုံပါကွာ ... သူငယ်ချင်း။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

ကျောင်းအတူ တက်
လည်ပင်းဖက်ပြီး
ရက်လများစွာ
ပေါင်းသင်းလာ၍
ကံကြမ္မာကြောင့်
ခွဲခွာ ကွဲကွာ
သွားရပါလည်း
ဘယ်ခါမမေ့ ... စဉ်အောက်မေ့။



သူငယ်ချင်း ...

လွမ်းပေမယ့်လည်း
ဝမ်းရေး မလွယ်
လောကနယ်မှာ
ဘာရယ်မဟုတ်
အလုပ် လုပ်ရ
ခက်ခဲလှတယ်။
နွမ်းလျမော့ပန်း
လွမ်းမနေသာ
ရှိနေတာမို့
စာလွှာမပါး နေစိမ့်အားဟု
ထင်မှားမရှိ ပါနဲ့နော်။

www.burmeseclassic.com

www.burmeseclassic.com

**သူငယ်ချင်း ...**

**တစ်ယောက်နဲ့ တစ်ယောက်**
**ဘယ်ဆီနေမှန်း သိရက်နဲ့**
**စာ အဆက်အသွယ် မလုပ်ဘူးနော်။**
**လူကြုံ ရှိရင်တောင်မှ**
**သတိတရ ရှိကြောင်း**
**တစ်ခါမျှ မပြောခဲ့ဘူးနော်။**
သူငယ်ချင်းဆိုတာ ...
ကွယ်ရင်မေ့
တွေ့ သေအောင် လွမ်းတာမျိုးလား။
နင် ... စိမ်းကား သွားပြီနော်။



**သူငယ်ချင်း ...**

မင်း သိပါတယ်။
ကျောင်းနေစဉ်ကိုက်
အကြိုက် မတူ
စရိုက် မတူ
အယူ ကွဲပြား
ရှိခဲ့ငြားလည်း
နားလည် ခံစား
**သွေးသားရင်းလို**
**ဝန်တိုမှု ကင်း**
**လည်းပင်း ဖက်ကာ**
**ပေါင်းခဲ့တာတွေ**
**တို့ ... ငယ်ချစ်ဆွေလေ။**
**မေ့ မနေနဲ့နော်။**

www.burmeseclassic.com

www.burmeseclassic.com



**သူငယ်ချင်း ...**

**လူ့ လောကမှာ**
**ပျော်ရွှင်စွာ အသက်ရှင်ရမှ**
**အဝတန်ဖိုး ရှိလိမ့်မယ်။**
တန်ဖိုးရှိတဲ့ ဘဝကို
အလိုလိုနေရင်း မရနိုင်ပါဘူး။
ကြိုးစား လေ့ကျင့်ယူမှ
ရနိုင်တယ်ဆိုတာ
သူငယ်ချင်းကို
သိစေချင်ပါတယ်။



**သူငယ်ချင်း ...**

**လူ့စိတ်ဆိုတာ ဆန်းပြား**
**အပြောင်းအလဲ များတတ်တယ်။**
အသေအချာ ယုံမှတ်
ဘာကိုမှ ပုံ မအပ်နဲ့နော်။
ပုံအပ်ရင်
ယုံတတ်သူသာ တာဝန်ရှိ
ကိုယ်ကျိုး နည်းတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

မသာ လည်းပေါင်း
သာ လည်းပေါင်း။
တစ်ယောက် အကြောင်း
တစ်ယောက် သိမှ ဖြစ်မယ်။
တစ်ယောက်ကို တစ်ယောက်
နားလည် ခွင့်လွှတ်တတ်ရမယ်။
တစ်ယောက်ပေါ် တစ်ယောက်
လျို့ဝှက်ချက် မထားဘဲ
ပွင့်လင်းရိုးသားရမယ်။
**အနစ်နာခံသင့်တဲ့ နေရာမှာ**
**အနစ်နာ ခံရမယ်။**
**မသင့်တော်တဲ့ ကိစ္စမျိုးမှာ**
**အမှန်းခံ ပြောရဲရမယ်။**
**ဒါမှ ... သူငယ်ချင်းကောင်း။**



သူငယ်ချင်း ...

ဘဝ ကံနည်းလို့
ဆင်းရဲတာဟာ
ဘာ အပြစ်ရှိလို့လဲ။
**ချမ်းသာ ဆင်းရဲမှုဟာ**
**တို့ နှစ်ယောက်ကြားမှာ**
**အဟန့်အတား မဖြစ်ပါစေနဲ့။**

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

လူတွေဟာ တစ်ဦးနဲ့ တစ်ဦး
ဆုံတွေ့ကြဖို့ ခက်ခဲမှန်း မသိကြလို့
အလွယ်တကူ စိတ်ဆိုးကြ ရန်ဖြစ်ကြ
ခွဲခွာ ကွဲကွာအောင် လုပ်နေကြတာ
တကယ် ဝမ်းနည်းဖို့ကောင်းတယ်။
တို့ နှစ်ယောက်ကြားမှာ
ဒီလိုမျိုး မဖြစ်ရဘူးနော်။



သူငယ်ချင်း ...

အချစ်ဆိုတာ ဘာလဲ
ငါလည်း အသေအချာ မသိ။
ရင်ခုန်တာ အချစ်လား။
ငါ မခံစားတတ်လို့ပါ။
နားလည်ပေးပါကွာ။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

လက်ဖက်ရည်ဆိုင် ထိုင်ပြီး
ဘေးထိုင် ဘိုင်ကျ ဘုပြောတတ်တဲ့
အကျင့်စရိုက်ချင်း တူလို့
နင့်ကို သူများထက် ပိုခင်မိသလား မသိဘူး။
ပြောလိုက်ရင် ပိသသလေး ဘေးပစ်။
အချစ်ဆိုတာ ဘာညာဘာညာနဲ့
အာကျယ်အာကျယ် ပြောတတ်တာက အစ
နင်နဲ့ ငါ တူလွန်းပါတယ် ဟာ။
အဲ့ဒါတွေ ပြန်တွေးမိတော့
အဝေးရောက်နေတဲ့ နင့်ကို
အရမ်း ... သတိရတယ်။





သူငယ်ချင်း ...

မေတ္တာဆိုတာ
ဘာမဆို သူ့အလိုကျ
လိုတာ ရစေချင်တာ
အဲ့ဒါ ... မေတ္တာလား။
သူ စိတ်ချမ်းသာပါစေ လို့
ကျေနပ်ပျော်ရွှင်နေတာ
အဲ့ဒါ ... မေတ္တာလား။
ဒါဆိုရင် ... ကိုယ့်မေတ္တာ
မင်း အတွက်ပါကွာ။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

ပျား ဆိုတာ
သစ္စာ ရှိတယ်။ ဝိရိယ ရှိတယ်။
တာဝန် သိတယ်။
ရှုံ့မြိန်တဲ့ ပန်းဝတ်ရည်က လွဲလို့
ဘာကိုမှ မစားဘူး။
တစ်နေကုန် အလုပ် လုပ်နေတယ်။
သူ့ ပျား မိသားစုအတွက်
သူ့ တာဝန် သူကျေပွန်အောင်
အမြဲတမ်း ကြိုးစားတယ်။
ငါတို့လည်း ...
ပျားလေးလို ကြိုးစားကြမယ်နော်။



သူငယ်ချင်း ...

ရိုးသား
ကြိုးစား
နိုးကြားမှု မရှိရင်တော့
ခွေးဝဲစား ဖြစ်နိုင်တယ်။
ရိုးသား
ကြိုးစား
နိုးကြားမှ
ကြီးပွားမယ် ဆိုတာ ... ယုံ။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

ဘုတ်ဆုံတို့ အိမ်မှာ
သူငယ်ချင်းမတွေ စုပြီး
ထမင်းချက် စားကြတော့
ဂီတာတီး သီချင်းဆို
အော်ချင်သလို အော်
ပျော်ချင်သလို ပျော်ခဲ့ကြတာ
ငါ အမှတ်ရမိတယ်ဟာ ... ။
**ဒီလို အပျော်တွေ**
**ခဏတစ်ဖြုတ်သာ ရခွင့်ရှိမှန်း**
**စောစောက ကြိုသိခဲ့ကြရင်**
**တို့တွေ ခုထက်**
**ပိုပျော်မိကြမလား မသိဘူးနော်။**



သူငယ်ချင်း ...

နင် အသိ
ငါ အသိ
**ဘဝဆိုတာ ဘာမှန်းမသိ။**
**အချစ်ဆိုတာလည်း ဘာမှန်းမသိ။**
**ကျောင်းသွား စာကျက်**
**ကျူရှင်တက်**
**ခက်ခဲမရှိ ပျော်ရွှင်မိ။**
သည် အတိုင်းပဲ နေချင်၏။
နင့် သဘောတော့ ငါ မသိ။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

**စာအုပ်ကောင်းလေးတွေ ဖတ်**
**တစ်ယောက်အိမ် တစ်ယောက်သွားပြီး**
**ဝေဖန် လေကန်ကြတာ အမှတ်ရရဲ့။**
စာအုပ်ထဲက စာကြောင်းတွေ
စာပိုဒ်တွေ အလွတ်ကျက်ပြီး
အရွတ်အဖတ် ပြိုင်ခဲ့ကြတာတွေ
ငါ အမှတ်ရ မိတယ်ဟာ။
တစ်ခါတလေ
စာပိုဒ်ထဲက အတွေးတွေက
ခေါင်းထဲ စွဲနေလို့
အိပ်ရေး ပျက်ပေါင်းလည်း များပေါ့။
အထူးသဖြင့် ...
**'တို့နှစ်ယောက်'** စာအုပ် ဖတ်တုန်းကပေါ့။
သိပ် ခံစားရတယ်ဟာ။



သူငယ်ချင်း ...

**မင်းက တစ်နေရာ**
**ငါက တစ်မြို့**
**တို့နှစ်ယောက် အနေဝေးပေမယ့်**
**တွေးမိတိုင်း မျက်ရည်ဝဲ့။**
တစ်နေ့နေ့ ပြန်ဆုံတွေ့
ကမ္ဘာကုန် ကျယ်သရွေ့
ဘယ် ဘယ်ခါမျှ တို့မမေ့။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

The Best English မဂ္ဂဇင်းမှာ
Pen Friend စာရင်းဝင်တော့
ငါ့ဆီကို အမြို့မြို့ အနယ်နယ်က
မိတ်ဆက်စာတွေ လာကြတယ်။
ငါလည်း နောက်ထပ် မိတ်ဆွေသစ်
သူငယ်ချင်း အသစ်တွေ ထပ်ရတာပေါ့။
သူတို့နဲ့ စာရေးပြီး စကားပြောရတာ
ပျော်လည်း ပျော် ပညာလည်း ရတယ် ဟ။
ငါ မသိတာတွေလည်း အများကြီး သိလာတယ်။
ဒါပေမယ့်ဟာ
ကျောင်းနေဘက် ငယ် သူငယ်ချင်းတွေလိုတော့
ပြောချင်တာ ပြောလို့ မရဘူးပေါ့။
အဲဒီအချိန်မှာ နင်တို့ကို
ငါ ... အရမ်း သတိရတာပဲ ဟာ။



သူငယ်ချင်း ...

လူ၏ အကြိုက်
ဆယ်ခါ လိုက်လည်း
မလိုက် တစ်ခါ
ရှိခဲ့ပါမူ
ကြီးစွာ ရန်သူ
စွဲမှတ် ယူ၏ ... တဲ့။
တကယ့် အမှန်စကား
မှတ်သားဖို့ ကောင်းတယ်နော်။

www.burmeseclassic.com

www.burmeseclassic.com


သူငယ်ချင်း ...

တစ်ခါတလေ
လူတွေဟာ ရယ်ရတယ်။
ဘာ မဟုတ်တာလေးနဲ့
စိတ်နာ စိတ်ဆိုးပြီး
မခေါ် မပြောနိုင် ဖြစ်ကြတယ်။
တစ်ခါတစ်ရံမှာ
ခွင့်မလွှတ်သင့်တဲ့ ကိစ္စမျိုးကိုကြတော့
ကိုယ်ချင်းစာပြီး ခွင့်လွှတ် နေပြန်ရော။
**လူ့ရဲ့ စိတ်ဟာ မျောက်စိတ်လိုပဲ**
**အပြောင်းအလဲ မြန်တယ်ဆိုတာ**
**ကိုယ်တွေ့ကြုံလို့ ယုံရပြီ ... ဟာ။**



သူငယ်ချင်း ...

**ပတ်ဝန်းကျင်ဆိုတာ**
**အမြင်ကတ်ဖို့ ကောင်းတယ်။**
**သူများအကြောင်း**
**ကောင်းတာ မပြော**
**မကောင်းတာပဲ ပြောတတ်တယ်။**
တစ်ဆိတ်ကို တစ်အိတ်လုပ်
မဟုတ်တာတွေ ဇာချဲ့
ပြောလည်း ပြောတတ်ရဲ့။
သတိထားဖို့ လိုသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

နံနက်စောစော ထပြီး
စာကျက်မယ် လုပ်တော့
အိမ် တစ်အိမ်က
ကြာနီကန် ဆရာတော်ရဲ့
တရားတိတ်ခွေ ဖွင့်ထားတယ်။
ဆရာတော်ရဲ့ မေတ္တာသုတ်
ရွတ်ဆိုနေသံ ကြားတော့
စိတ်ထဲမှာ အေးချမ်းသွားလိုက်တာ။
ဒါနဲ့ ငါလည်း
အမေတို့ ဝယ်ထားတဲ့ တရားခွေတွေ
ဖွင့်ပြီး နားထောင်ကြည့်တော့
ကောင်းလိုက်တာ ... စိတ် ငြိမ်းချမ်းသွားတယ်။
စာဖတ်လို့လည်း ပို ရသလိုပဲ။
**နင်လည်း ... တရားနာပြီးမှ**
**စာကျက်ကြည့်ပါလား။**



သူငယ်ချင်း ...

**မိတ်ဆွေဆိုတာ**
**သာလျှင် ပေါင်း**
**နာလျှင် ရှောင်းခဲ့ရင်**
**မိတ်ကောင်း မဟုတ်ဘူး။**
**မပေါင်းသင်းအပ်ဘူးလေ။**

www.burmeseclassic.com

www.burmeseclassic.com



**သူငယ်ချင်း ...**

နင်က ဗေဒင်မေးတာ
အတော် ဝါသနာ ပါတယ်နော်။
ဗေဒင် မေးပြီးရင်လည်း
ယတြာ ချေရတာ နင့်မှာ အမော။
ဗေဒင်ဆရာတွေ ပြောသမျှ
အကုန် ယုံပြီး ခိုင်းသမျှလည်း လုပ်တယ်။
အခုဆို ဗေဒင် မေးခရယ်
ယတြာဖိုးရယ် ပေါင်းရင် မနည်းတော့ဘူး။
ငွေလည်း ကုန်၊ အချိန်လည်း ကုန်ပြီး
ခုထိ နင်လည်း ဘာတစ်ခုမှ
ဟုတ္တိ ပတ္တိ အောင်မြင်မှု မရသေးဘူး။
**ဗေဒင်ဆရာ ပြောသလို**
**နိုင်ငံခြားလည်း မသွားရ**
**ဘွဲ့လည်း မရ၊ သူဌေးလည်း မဖြစ်**
**ကိုယ့်ကို ကိုယ်လည်း**
**ပြန် ဆန်းစစ်ကြည့်ပါဦးကွာ။**



**သူငယ်ချင်း ...**

ကျောင်းနေဘက်
သူငယ်ချင်းဆိုတာ
ငယ်စဉ်ခါမှာသာ ရှိခဲ့တာ။
ကြီးမှ ပေါင်းသင်း
သူငယ်ချင်း မဟုတ်ပါ။
အကြောင်းသင့်လို့ ပေါင်းတဲ့
မိတ်ဆွေကောင်းပဲ ဖြစ်နိုင်တယ်။
**သူငယ်ချင်းဆိုတာ**
**ရှားပါး ပစ္စည်းပါကွာ။**
**တန်ဖိုးထားစမ်းပါ။**

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

အပြင်မှာ မိုးတွေ ရွာနေတယ်။
မှတ်မိသေးတယ်။
ထီး မပါတဲ့ တစ်နေ့
ကျူရှင်က အပြန်မှာ
မိုးတွေ ရွာနေတုန်း
မိုး အစဲ မစောင့်ဘဲ
ပြန်ကြမယ် ဆိုပြီး နင်နဲ့ငါ
မိုးရွာထဲ လမ်းလျှောက် ပြန်လာတာ။
တစ်ကိုယ်လုံး ရွှဲရွှဲစိုပြီး
အိမ်ကျ ဖျားပါလေရော။
**ငယ်ငယ်က ခပ်ပေပေလေး နေခဲ့ကြတာ**
**ပြန်တွေးမိတော့လည်း အလွမ်းသား။**



သူငယ်ချင်း ...

**မင်း ရင်ထဲမှာ ရှိတာတွေ**
**မြိုသိပ် မထားနဲ့လေ။**
**ပြောစရာရှိတာ ဖွင့်သာ ပြော**
**နားထောင်ပေးမယ်နော်။**
မပြောဘဲနဲ့ မနေနဲ့ကွယ်
မွန်းကျပ်နေပါ့မယ်။
ငါ့ တစ်ယောက်ကိုပဲ ပြောလိုက်တော့
ရင်ပေါ့ သွားမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

ကျောင်းတုန်းက ရိုက်ထားခဲ့တဲ့
ဓာတ်ပုံဟောင်းလေးတွေ ပြန်ကြည့်တော့
ငါ့ဘေးမှာ ရပ်နေတဲ့ ပိန်ပိန်ပါးပါး
ဖြူဖြူသွယ်သွယ် ကောင်မလေးကို
ပြန် သတိရပြီး ပြုံးမိသေးတယ်။
"ငါလည်း သိချင်လိုက်တာ
ငါ့ကိုလည်း ပြောပါ ... လို့"
နေရာတကာ စပ်စပ်စုစု လုပ်တတ်တဲ့
"စပ်စုမ" ဘွဲ့ရ နှင့်ကိုပေါ့။
အခုတော့ စပ်စုမရယ်
မင်း ဘယ်ကို ရောက်နေသလဲ ကွယ်။



သူငယ်ချင်း ...

ဘဝဆိုတာ
အိပ်မက်ပမာ
ဘာတစ်ခုမှ မရေရာ။
ဘဝဆိုတာ
ကဗျာ တစ်ပုဒ်တဲ့ ... လေ။
ဘဝဆိုတာ
ပျော်စရာ
နေဖို့ ကောင်းတဲ့နေရာ ... တဲ့။
ဘဝဆိုတာ
ဘာလဲကွယ်။
မင်း အမြင်ကို သိချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

**တစ်ယောက် ကောင်းစားရင်**
**တစ်ယောက် မမေ့စတမ်း ဆိုပြီး**
**တို့တွေ ကတိသစ္စာ ဆိုခဲ့ကြဖူးတယ်။**
ခုထိတော့ ငါတို့ မကောင်းစားကြသေးဘူး။
"ကောင်းစား" လို့ "အိတ်ဖောင်းသွားရင်"
စိတ်ပြောင်းသွားမှာ
ငါ စိုးရိမ်မိတယ် ... ဟာ။
ဘာပဲဖြစ်ဖြစ်
တို့ သူငယ်ချင်းတွေ
ဒီလိုမျိုး မဟုတ်ကြေးနော်။



သူငယ်ချင်း ...

**ခံစားတတ်လို့ လွမ်းမယ်ဆိုရင်**
**အထက်တန်းကျောင်းမှာ**
**နေခဲ့ကြစဉ် ကာလလေးကိုပဲ**
**ငါ လွမ်းမိမှာပဲ။**
အာစရိယ ပူဇော်ပွဲမှာ
သီချင်း တက်ဆိုခဲ့တာတွေ
ကျောင်းကပွဲမှာ ယိမ်းက ခဲ့တာတွေ
ပြေးခုန်ပစ် ပြိုင်ပွဲတွေမှာ ပြေးခဲ့တာတွေ
ဘောလုံးပွဲမှာ လိုက် အားပေးခဲ့တာတွေ
ပြန် တွေးကြည့်တော့ လွမ်းစရာတွေပဲပေါ့။
အဲ့ဒီထဲမှာ ငါနဲ့ အတူ
ပါဝင် ပတ်သက်ခဲ့တဲ့ နင်တို့ကို
ငါ ဘယ်လောက်ထိအောင်
သတိရ လွမ်းဆွတ် နေမလဲဆိုတာ
နင့် ဘာသာ တွေးကြည့်ပေတော့။
ငါ ... နင်တို့ကို တကယ် ... လွမ်းတယ်ဟာ။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

**သူက ပေးတိုင်းလည်း ကိုယ် မယူနိုင်။**
**ကိုယ်က ပေးတိုင်းလည်း သူ မရ ဆိုတာ**
**ဘာဖြစ်မယ်လို့ ထင်သလဲ။**
တစ်ချို့က ပြောကြတယ်။
အဲ့ဒါ ... အချစ်တဲ့။
ဟုတ်ရဲ့လား ... ကွယ်။



သူငယ်ချင်း ...

အိမ်နဲ့ စိတ်ဆိုးပြီး
ကျောင်း တက်လာတဲ့ တစ်နေ့ကို
နင် မှတ်မိသေးလား။
ကျောင်းလာခါနီးမှာ
နင် ကြိုက်တဲ့ မုန့်ကို ဝယ် မထားပေးလို့
နင့်ကို ဂရုမစိုက်ဘူး ဆိုပြီး
စိတ်ဆိုး စိတ်ကောက် လာခဲ့တာလေ။
မိဘတွေဟာ နင်တို့ ငါတို့ကို
အေးအေးလူလူ ကျောင်း တက်နိုင်ဖို့
ဘယ်လောက်တောင်
ကြိုးစား ရုန်းကန် နေရတယ်ဆိုတာ
အဲ့ဒီ အချိန်မှာ နင် မသိသေးလို့
ဒီလိုမျိုး စိတ်ကောက်တာပါ။
အခုတော့ ... နင် သိရောပေါ့နော်။
**မိဘတွေရဲ့ မေတ္တာ စေတနာကို**
**ခု ချိန်ထိမှ နင် မသိသေးဘူး ဆိုရင်လည်း**
**ပေါင်တွင်းကြော လိမ်ဆွဲဖို့ပဲ ကောင်းတော့တယ်။**
**ငါ ... ဒီလိုပြောလို့ နင် စိတ်ဆိုးမလား။**
**စိတ်ဆိုးချင်လည်း ဆိုးပေတော့**
**သူငယ်ချင်းကောင်းဆိုတာ တစ်ခါတလေ**
**ဒီလိုပဲ အမှန်းခံ ပြောရမှာပဲ။**
**ငါက ... နင့် သူငယ်ချင်းကောင်းပါ ဟာ။**

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

**မင်းက ဘာကောင်**
**ငါ ဘာကောင် ဟု**
**ထောင်လွှားမာန မထားကြေး။**
မင်း ဘာဖြစ်ဖြစ်
ငါ ဘာဖြစ်ဖြစ်
ငယ် သူငယ်ချင်း
စိတ်အရင်းနဲ့
ပေါင်းသင်း ဆက်ဆံကြမယ်နော်။



သူငယ်ချင်း ...

ကိုယ့်ကြောင့် သူတစ်ပါးကို
စိတ် အနှောင့်အယှက် ဖြစ်မှာ အလွန်ကြောက်တဲ့
ပေါက်ပေါက်ဆိုတဲ့ ကောင်မလေးကို
နင် မှတ်မိသေးလား။
သူကြောင့် သူ တစ်ပါး မျက်နှာညိုသွားရင်
ငို မလို မျက်နှာနဲ့ တောင်းပန်ရတာ အမော။
ဘယ်သူ့ကိုမှ ဒုက္ခ မပေးဘူး။
ဘယ်သူ မကောင်းကြောင်းမှလည်း မပြောဘူး။
သူငယ်ချင်းတွေ အကူအညီတောင်းရင်လည်း
ဘယ်တော့မှ ငြင်းဆန်လေ့ မရှိဘူး။
အားနာတတ်တာလည်း နှစ်ယောက်မရှိဘူး။
အားနာပါတယ်နော် ... အားနာလိုက်တာ ဆိုတဲ့
သူ့ စကားလေးတွေ နားထဲမှာ ကြားတုန်း။
**လူတွေကို သူ့ကြောင့်**
**စိတ်အနှောင့်အယှက် မဖြစ်စေတဲ့**
**ပေါက်ပေါက်လို သူငယ်ချင်းမျိုးကို**
**ငါ ... လေးစား အားကျရမှန်း**
**အခုမှ သိတာ ... နောလိုက်တာ။**
ပေါက်ပေါက်လို သူငယ်ချင်းမျိုးတွေ
ငါ ... အများကြီး ရချင်သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

**ဘုရား တရား သံဃာ**
**ရတနာ သုံးပါးဆိုတာ**
**ကိုးကွယ်ရာ အမှန်။**
နင်လည်း အသိ
ငါလည်း အသိ
တို့ရင်ထဲမှာ အမြဲရှိ
ထာဝစဉ် ကြည်ညို၏။



သူငယ်ချင်း ...

ကျောင်းတုန်းက သီချင်းဆို ဝါသနာပါတဲ့
မာလာဆိုတဲ့ ကောင်မလေးကို
နင် သတိရသေးလား။
လူ့လောကမှာ တကယ်မရှိတဲ့
သူ့ရဲ့ဆိုတဲ့ အကောင်ကို
သေလုမတတ် ကြောက်တယ်။
ဘယ်နေရာမှာ ဖြစ်ဖြစ်
သူ့ရဲ့ကြောက်လို့ ဆိုပြီး
တစ်ယောက်တည်း မနေရဲဘူး။
သူ့ရဲ့ကို ဒီလောက်ကြောက်ရအောင်
သူ့ရဲ့ကို နင်မြင်ဖူးလား ဆိုတော့
ဟင့်အင်း ... မမြင်ဖူးဘူးတဲ့။
မြင်ဖူးတဲ့ သူကို နင် တွေ့ဖူးလားဆိုတော့လည်း
မတွေ့ဖူးဘူးတဲ့။
လူ့လောကမှာ တကယ်မရှိတဲ့ သူ့ရဲ့ကို
နင် ဘာလို့ ကြောက်နေရတာလဲဆိုတော့
သူများ ပြောသံကြားဖူးလို့ ကြောက်တာတဲ့။
**သူများ ပြောသံကြားပြီး**
**ဘာမှန်းမသိ ညာမှန်းမသိ ကြောက်နေတဲ့**
**မာလာ့လို သူငယ်ချင်းမျိုးလည်း**
**ငါတို့မှာ ရှိသေးတယ်ဆိုတာ မမေ့နဲ့ဦး။**

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

မကောင်း မြစ်တာ
ကောင်းရာ ညွှန်လတ်
အတတ်သင်စေ
ပေးဝေရင်းနှီး
ထိမ်းမြားခြင်းဆိုတဲ့
မိဘတာဝန်တွေ
ကျေပွန်ပါလျက်
ငဲ့ကွက်မညှာ
စိတ်နာစကား
တို့ ပြောကြားလျှင်
ဘုရားမကြိုက် ... တို့ လူမိုက်ပေါ့။



သူငယ်ချင်း ...

ကာရံ နဘောတွေနဲ့
ကဗျာတွေ ရွှတ်ရွှတ်ပြုတတ်တဲ့
ကဗျာရူး စာရူး တင်နှင်းဦးကို
နင် တွေ့သေးလား။
ပါဝါမျက်မှန် ထူထူနဲ့
လွတ်အိတ်အမြဲ လွယ်ပြီး
စာအုပ်တစ်အုပ် ကိုင်
လက်ဖက်ရည်ဆိုင် ထိုင်
လေကန် ဝေဖန်တတ်သော သူကို
တင်နှင်းဦးဟု ခေါ်သည် ... ဆိုတာလေ။
ကိုယ့် ယုံကြည်ချက်နဲ့ ကိုယ်
ဘယ်သူ့ချက်နာမှ မထောက်
ဘယ်သူ့ကိုမှ မကြောက်ဘဲ
သူထင် သူမြင်တာတွေကို
အာပေါင်အာရင်း သန်သန်နဲ့
ရေနွေးတစ်အိုး ကုန်အောင် သောက်ပြီး
တစ်နေကုန် ညည့်ထောက်ခံ ပြောတတ်တဲ့
တင်နှင်းဦး ဆိုတဲ့ "ငါးဖောင်ရိုး" လေ။
ပိန်ပြီး ခြောက်ကပ်နေလို့ "ငါးဖောင်ရိုး" လို့
နာမည်ပြောင်း ပေးထားခဲ့တာ နင် သိပါတယ်။
အခု ... သူ ဘယ်မှာလဲ ဘာဖြစ်နေပြီလဲ။
ငါ သိချင်လိုက်တာ ဟာ။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း …

စေတနာ
ဝါသနာ
အနစ်နာ ဆိုတဲ့
နာ သုံးနာ ကျေတဲ့ဆရာ။
**သိက္ခာကို**
**ရိက္ခာနဲ့ မလဲတဲ့ ဆရာ။**
**တပည့် အရေးအတွက်**
**အသက်ပေးမယ့် ဆရာ။**
**ငါ့ ရင်ထဲမှာ အမြဲမှတ်မိ**
**အစဉ် ကြည်ညိုနေပါ၏။**
မင်း ရင်ထဲမှာ ဘာတွေရှိ
ဒါတော့ … ငါ မသိ။



သူငယ်ချင်း …

ဘယ်သူနဲ့ မဆို တည့်အောင် ပေါင်းတတ်တဲ့
"ဘုတ်အိုးမ" ဆိုတဲ့ မျက်နှာပြုံးပြုံး
ပါးဖောင်းဖောင်းနဲ့ ကောင်မလေးကို
အခု တလော ငါ သိပ်ပြီး သတိရနေမိတယ်။
**ချစ်စရာ ကောင်းတဲ့ သူ့အပြုံး**
**ကြင်နာဖော်ရွေတဲ့ သူ့မျက်လုံး**
**ရယ်စရာတွေ ဖြစ်စေတဲ့ သူ့စကားလုံး**
**အားလုံးကိုပဲ သတိရနေမိတယ်ဟာ။**
တစ်ခါတလေ စိတ်လိုလက်ရနဲ့
မင်းမော်ကွန်းရဲ့ တာရာပွကြီး အိုင်တင်မျိုး
သူလုပ်ပြခဲ့တာတွေဟာ လွမ်းစရာပါပဲ။
အခုတော့ …
စာရင်းကိုင် ပညာရပ်ကို
တစ်ဖက်ကမ်းခတ်အောင် သင်ပြီး
ကမ္ဘာပတ်မယ်လို့ ပြောနေသံကြားတယ်။
LCCI (Level II)
စာမေးပွဲကို ထူးထူးချွန်ချွန်
အောင်မြင်သွားပြီလို့လည်း ကြားသေးတယ်။
အဲ့ဒီလို သူငယ်ချင်းမျိုးတွေ အတွက်လည်း
ငါတို့ ဂုဏ်ယူဝမ်းသာရတာပေါ့နော်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

ရုပ်ရှင် ဗီဒီယိုထဲက ဇာတ်လမ်း
ငါ မလွမ်းဘူး။
ဘဝခရီးလမ်း
ကြမ်းတမ်းစွာ ဖြတ်သန်းခဲ့ရတဲ့
မင်း ဘဝကိုပဲ ငါ လွမ်းတယ်။
**မင်းလမ်း၊ မင်းဖောက်**
**မင်းလမ်း မင်းလျှောက်**
**နောက် မဆုတ်တတ်တဲ့ မင်းသတ္တိ**
**အစဉ် လေးစား ချီးကျူးမိပါ၏။**



သူငယ်ချင်း ...

ဦးစိတ်တိုနဲ့ မျောက်ညိုကို
နင် မှတ်မိသေးလား။
တို့ ကိုးတန်းတုန်းကလေ
အမြဲတမ်း စိတ်တိုနေတတ်တဲ့
ဝတိုတို ဖိုးချိုကို
ပိန်ပိန်မဲမဲ သေးသေး
ခင်ခင်လေးက မထိတထိ စတော့
စိတ်တို ဖိုးချိုက ထိုးမယ် ကြိတ်မယ်လုပ်လို့
မနည်း ဝိုင်းတားထားရတာ
နင် ... သတိရဦးမှာပါ။
**ပျော်ရွှင်စရာကောင်းတဲ့ လောကကြီးမှာ**
**စိတ်တို ငြိုငြင်နေရတာ**
**ဘယ်လောက် ပင်ပန်းတယ် ဆိုတာ**
**ဖိုးချို စိတ်တို သိလောက်ပြီ ထင်ပါရဲ့။**
ကိုယ်ချင်းမစာ မညှာမတာ
နောက်ပြောင်တတ်တဲ့ မျောက်ညိုခင်လေးလည်း
ပြန်တွေးပြီး ရယ်ချင် ရယ်နေမှာ။
ခုချိန်မှာ ပြန်တွေ့ကြရင်တော့
ဟိုတုန်းက အကြောင်းတွေ ပြန်ပြောပြီး
ရယ်မောကြလိမ့်မယ် ထင်ပါတယ်။
နင်ကော ... ဘယ်လို ထင်သလဲ။

www.burmeseclassic.com

www.burmeseclassic.com



**သူငယ်ချင်း ...**

တစ်ခါတစ်ရံ
ကံ ကြမ္မာ မုန်တိုင်းထန် သတဲ့။
**ရေဆန်လေဆန်**
**အိမ်အပြန် ကြုံတတ်တယ်။**
**ဘာပဲ ကြုံကြုံ တို့ မဖြုံဘူး။**
**ယုံကြည်ချက်နဲ့ ခရီးဆက်မယ်။**



သူငယ်ချင်း ...

ဟို ... လေ
ရည်းစားစာ အရေးကောင်းတဲ့
ချောင်းနဘေးက ရှမ်းကလေး
နင် ... သိတယ် ဟုတ်။
တို့ မိန်းကလေးတွေ ဖတ်ရတဲ့
ရည်းစားစာ မှန်သမျှ
သူ့ လက်ရာချည်းပဲတဲ့။
**ရည်းစားစာ တစ်စောင်ရေးပေးရင်**
**လက်ဖက်ရည်တစ်ခွက် တိုက်ရတယ် ... တဲ့**
**ရှယ်ရေးပေးရင် မုန့်ပါကျွေးရသတဲ့။**
**သူလာပြောတာ သတိရသေးတယ်။**
**ပျင်းလို့ ဖတ်ချင်ရင် ပြောနော်တဲ့။**
သူ ရေးပေးပါ့မယ်
လက်ဖက်ရည်လည်း မတိုက်ပါနဲ့တဲ့။
အဲ့ဒီလို ငလောင်တွေ ငကြောင်တွေ
ဘယ်သောင် ဘယ်ကမ်း
ဆိုက်ကုန်ကြပြီလည်း မသိ။
သတိရနေမိတယ် ဟာ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

ပြာလဲ့လဲ့ ကောင်းကင်ကြီးရယ်
ခွေးရုတ်ဖွားလေးရယ်
တေလေငှက် ကလေးတွေရယ်
ပန်းပွင့်ဖြူဖြူလေးတွေရယ်
အားလုံး အားလုံးကို ငါ ချစ်တယ်။
ဒါပေမယ့် ...
သူငယ်ချင်းကို ချစ်တဲ့ အချစ်က
အားလုံးထက် ပိုပါတယ်။



သူငယ်ချင်း ...

မိုဒယ်လ်ဂဲလ် လုပ်မယ်ဆိုတဲ့
ပိုးတောင့်တဲလေးနဲ့ တူတဲ့
ဟို ... ဘိုမဆိုတဲ့ ကောင်မလေး
နင် ... သတိရသေးလား။
ဆယ်တန်း အောင်ပြီးတာနဲ့
မော်ဒယ်လ်ဂဲလ် သင်တန်းတွေတက်
မော်လ်ဒယ်ရှိုးတွေ ဆင်နွှဲရင်း
အောင်မြင်တဲ့ သူ့သတင်းတွေ
စပြီး ကြားနေရပြီနော်။
ကိုယ် ဝါသနာပါတဲ့ အလုပ်ကို
ကျားကုပ် ကျားခဲ ကြိုးပမ်းအားထုတ်ရင်
နောက်ဆုံးတော့ အောင်မြင်စမြဲပဲ မဟုတ်လား။
နင်တို့ ငါတို့လည်း ကိုယ် ဝါသနာပါတာကို
အဲ့ဒီလိုမျိုး ကြိုးစားရမယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

**ပြဿနာတစ်ခု တွေ့ကြုံတဲ့အခါ**
**တုန်လှုပ် မသွားပါနဲ့။**
သူ့နည်း သူ့ဟန်နဲ့
အချိန်တန်တော့လည်း
ပြီးသွားတာပဲ မဟုတ်လား။
နင် စဉ်းစားကြည့်စမ်းပါ။
သိပ် ခံစား မနေပါနဲ့ ဟာ။



သူငယ်ချင်း ...

**နှလုံးသားကို ထိခိုက်နာကျင်အောင်**
**လုပ်နိုင်တဲ့ သူတွေဟာ**
**ကိုယ်နဲ့ အရင်းနှီးဆုံး**
**ပေါင်းသင်းဆက်ဆံနေတဲ့ သူတွေပဲ။**
သူတို့ဟာ အချိန်မရွေး
ကိုယ့်နှလုံးသားကို ပွန်းပဲ့ထိရှ
ထိခိုက် နာကျင် ဖစေနိုင်မှန်း
ကိုယ်တွေ့ကြုံလို့ ယုံသွားပြီးတဲ့နောက်
ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံနေတဲ့
လူအရေအတွက်ကို လျှော့ချလိုက်ပါတယ်။
နောက်ထပ်တိုးပွားလာအောင် မကြိုးစားတော့ဘူး။
အဲ့ဒါကို သေချာမသိတဲ့ သူတွေက
ငါ့ကို မာနကြီးတယ်၊ ဘဝင်မြင့်တယ်
အထီးကျန် ဆန်လွန်းတယ်ဆိုပြီး
အမျိုးမျိုး ဝေဖန်ပြစ်တင် ခဲ့ကြတယ်။
သူတို့ ဘယ်လိုပဲ ပြော ပြောပါ
ကိုယ် အရေးမလုပ်ပါဘူး။
ဒါပေမယ့် ... သူငယ်ချင်းကတော့
ကိုယ့်ကို နားလည်ပေးလိမ့်မယ်လို့
ကိုယ် ယုံကြည်မျှော်လင့်ပါတယ်။
နားလည်ပေးမယ် မဟုတ်လားကွယ်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

အနုအရွ အလှပနဲ့
သမုဒယ စကား
ငါ မကြားချင်။
ဖြူစင် ရိုးသား
စေတနာ စကားပဲ
ငါ ကြားချင်တယ်။
ငါ ကြားချင်တာပဲ ပြောပါဟယ်။



သူငယ်ချင်း ...

ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား
ကွေကွင်း နောက်ဆုံး ရှိချေဖါတဲ့။
ဘယ်လောက်ပဲ ခင်ခင်
ဘယ်လောက်ပဲ ချစ်ချစ်
တစ်နေ့နေ့မှာတော့
ကွဲကွာ ခွဲခွာရတာပဲ မဟုတ်လား။
အဲ့ဒီလို ကွဲကွာ ခွဲခွာရတဲ့အခါ
ပူဆွေးသောက ရောက်ပြီး ခွဲရတာမျိုး
နာကြည်းမုန်းတီးပြီး ခွဲရတာမျိုး
မဖြစ်ရလေအောင် တို့ကြိုးစားကြမယ်။
ကွဲကွာ ခွဲခွာရတတ်တဲ့
သဘာဝတရားကို နားလည်ပြီး
လွမ်းဆွတ်တသစွာ ခွဲကြမယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

တစ္စတ်ထိုး တစောက်ကန်းနဲ့
ကမ်းမမြင် လမ်းမမြင်
ထင်ရာ မစိုင်းနဲ့နော်။
အသက်တွေလည်း ကြီးလာပေါ့
စိတ်လျှော့ ... စိတ်လျှော့။



သူငယ်ချင်း ...

နင်တို့မြို့က တန်ဆောင်တိုင်ပွဲကို ငါလာလည်ခဲ့တယ်။
မြို့လုံးကျွတ် ဘုံကထိန် လှည့်လည်ပွဲကို
နံနက်ပိုင်းမှာ မြင်လိုက်ရကတည်းက
သင်္ကန်းပိကို ကြီးကျယ် စည်ကားတဲ့ပွဲမှန်း
ငါ မြင်တွေ့လိုက်ရတယ်။
ကြည့်လို့ ရှုလို့ မဆုံးအောင် များပြားတဲ့
ပဒေသာပင်မျိုးစုံတွေနဲ့
ရှမ်းအိုးစည် ဗမာ ဒိုးပတ်အဖွဲ့တွေ
ပြီးတော့ ပျော်ပျော်ပါးပါး ကနေတဲ့သူတွေ
ငါ့ ရင်ထဲတောင် အပျော်တွေ ကူးစက်ပြီး
လှူချင်တန်းချင်တဲ့ စိတ်တွေ ပေါ်လာတယ်။
ညဘက်ရောက်ပြန်တော့ မီးပုံးပျံ ပြိုင်ပွဲ မြင်ရပြန်တယ်။
စည်ကားလိုက်တာလည်း ကြက်ပျံမကျပါပဲ။
ဒါကြောင့်လည်း နင်တို့ရဲ့
တောင်ကြီး တန်ဆောင်တိုင်ဟာ
နာမည်ကျော်ကြား လူသိများပေတာကိုး။
**နင်တို့မြို့မှာ အဲ့ဒီလိုမျိုး ဂုဏ်ယူစရာ**
**ပွဲတော်မျိုး ရှိနေတဲ့အတွက်**
**နင် ... နဲ့ ယောင်းမတော်ရရင် ကောင်းမလားလို့တောင်**
**စဉ်းစားမိသေးတယ်။**
**ဟဲ ... ဟဲ ... တကယ်နော်။**

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

စာကြီး ပေကြီးတွေဖတ်ပြီး
ဆရာကြီး လုပ်ခဲ့တဲ့ နင်။
**ဘဝအခြေ မခိုင်ခင်မှာ**
**အလျင်စလို အိမ်ထောင်ပြုတော့**
**မှားခဲ့ပြီပေါ့။**



သူငယ်ချင်း ...

သူငယ်ချင်းဆိုတာ
သာအတူ နာအတူ
စားအတူ သွားအတူ
မရှိအတူ ရှိအတူ
အေးတူ ပူအမျှ
မျှဝေခံစား နားလည်နိုင်မှ
သူငယ်ချင်းဖြစ်တာ။
**အရေးကြီးရင် သွေးစည်းမယ်။**
**တစ်ယောက်မှားရင် တစ်ယောက်က ပြုပြင်မယ်။**
**တစ်ယောက် ဒုက္ခရောက်ရင် တစ်ယောက်က**
**အချိန်မီ ကူညီကယ်တင်မယ်။**
**တစ်ယောက်ကောင်းစားရင်**
**တစ်ယောက် ဝမ်းသာမယ်။**
**တစ်ယောက်အောင်မြင်ရင်**
**တစ်ယောက်ပျော်ရွှင်မယ်**
**သူငယ်ချင်းဆိုတာ ... ဒါပဲပေါ့။**

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း ...

ရည်းစားနဲ့ အဆင်မပြေလို့
သတ်သေချင် သတဲ့လား။
တန်ဖိုးရှိတဲ့ နင့်ဘဝဟာ
ဘာညာမသိတဲ့ ငတိတစ်ကောင်အတွက်လား။
မိဘ သူငယ်ချင်းတွေအကြောင်း
နင့် ခေါင်းထဲမှာ မရှိတော့ဘူးလား။
**မြင့်မားတဲ့ နင် ရည်မှန်းချက်**
**အချစ်အတွက် ပျက်ရမလား။**
နင် ... စဉ်းစားစမ်းပါဟာ
ငါ ... ရင်နာတယ်။
နင့် ... အတွက် ရင်နာတယ်။



သူငယ်ချင်း ...

မဖြေရှင်းနိုင်တဲ့
ပြဿနာတွေ ကြားထဲ
ရောက်နေတဲ့အခါ
တစ်အုံနွေးနွေးနဲ့
ရင်လေး မနေစမ်းပါနဲ့။
အနာခံ ထိုးဖောက်
လွတ်မြောက်အောင် ရုန်းကန်ပါ။
**သူငယ်ချင်းအတွက်**
**မျှော်လင့်ချက် မနက်ဖြန်**
**ရှင်သန်ပျိုမြစ်**
**ပျော်စရာ နေ့သစ်တွေ**
**မလွဲမသွေ တွေ့ရပါလိမ့်မယ်။**
ကဲ ... ဒီတော့ သူငယ်ချင်း
ပြဿနာ အခက်အခဲတွေကို
ရဲရဲတင်းတင်း
ဖောက်ထွင်း ကျော်ဖြတ်လိုက်။

www.burmeseclassic.com

www.burmeseclassic.com



**သူငယ်ချင်း ...**

**လောကကြီးကို**
**စောင်းရွဲ့လို့ကတော့**
**ကောင်းတဲ့လူ မဖြစ်ဘူး။**
မမှားသင့်တာတွေ မှားပြီး
အလကားလူ ဖြစ်သွားလိမ့်မယ်။
နင့် ... စရိုက်ဆိုးနင်မြင်
ပြုပြင်လိုက်ပါဟာ။



**သူငယ်ချင်း ...**

လူဆိုတာ ... တစ်ခါတစ်ရံ
ကိစ္စတစ်ခုရဲ့ အဖြေကို
ရှာဖွေရမယ့်အစား
ပြဿနာကိုပဲ ရှာမိတတ်တယ်။
အဖြေကိုရှာမှ အဖြေတွေ့မှာပေါ့။
ပြဿနာကို သွားရှာတော့
ပြဿနာတွေနဲ့ပဲ တွေ့တာပေါ့။
**ပြဿနာကိုပဲ မီးထွန်းပြီး ရှာနေရင်**
**အဖြေဘယ်တော့မှ မရနိုင်တော့ဘူး။**
သူငယ်ချင်း ...
မင်း ကြုံတွေ့နေရတဲ့ကိစ္စမှာ
ပြဿနာတွေ ဝေးဝေးနေပါစေ။
အဖြေကိုသာ တွေ့အောင်
ကြိုးစားရှာဖွေပါလို့
ငါ ... တိုက်တွန်းချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

**သူငယ်ချင်း ...**

**ရည်းစားတွေ ထည်လဲတွဲပြီး**
**သိပ်ကဲ မနေနဲ့နော်။**
ကျောင်းစာမှာလည်း ညံ့ဖျင်း
အိမ်တာဝန်လည်း လစ်ဟင်း
နင့် ... သတင်းတွေ မွှေးခဲ့ပေါ့။
ရုပ်တန်းက ရုပ်ပါဟာ
ငါ တောင်းပန်ပါတယ်။
စိတ်အလိုလိုက်ပြီး
ခုကြိုက် ခုကွဲ သံသရာထဲမှာ
ဝဲလည်နေရင်တော့
တစ်နေ့နေ့မှာ
နင် ... စုန်းစုန်းမြုပ် သွားလိမ့်မယ်။
အချိန်မီသေးတယ်။
ကိုယ့်ဘဝ ကိုယ်ဆယ်တင်လိုက်ပါ ... ဟာ။
ငါ့ စေတနာ နင် နားလည်ပေးပါ။



**သူငယ်ချင်း ...**

ထမင်းမစား ဟင်းမစားဘဲ
တစ်နေကုန် စိတ်ကောက်တတ်တဲ့
စိုးစိုးဆိုတဲ့ ကောင်မလေးကို
နင် ... သတိရသေးလား။
သူ စိတ်ကောက်ရင် ကြောက်ဖို့ကောင်းတယ်။
မအိပ်နိုင် မစားနိုင် ခံစားပြီး
ဆေးခန်း ရောက်ရတဲ့အထိ စိတ်ကောက်တယ်။
သူ စိတ်ကောက်ရင် ဘာမှလည်း မပြော
ဘာမှလည်း မေးလို့ မရနဲ့
တအား စိတ်ညစ်ဖို့ ကောင်းတာပဲ။
စိတ်ပြေလည်းသွားရော သဘောကောင်းတဲ့
ချစ်စရာကောင်းတဲ့ စိုးစိုး ပြန်ဖြစ်နေပြန်ရော။
**အဲ့ဒီလို ချစ်စရာလည်းကောင်း**
**စိတ်ကောက်ရင် စိတ်ညစ်စရာလည်း ကောင်းတဲ့**
**သူငယ်ချင်းမျိုးတွေလည်း ရှိသေး။**
**ပြန်တွေးတိုင်း သတိရတယ်ဟာ။**

www.burmeseclassic.com

www.burmeseclassic.com

**သူငယ်ချင်း ...**

**သူငယ်ချင်းဆိုတာ**
**မနာလို ဝန်တိုစိတ် ကင်းရတယ်။**
**သူ့အကျိုး လိုလားရတယ်။**
သူမှားနေရင် ပြုပြင်ပေးရမယ်။
မရှိအတူ ရှိအတူ
ဖြူစင် ရိုးသားရမယ်။
သူ ထိခိုက် နစ်နာအောင်
ဘာတစ်ခုမှ မလုပ်ရဘူး။
သူ့အကြောင်း မကောင်း မပြောရဘူး။
ဒီလိုမှ မဟုတ်ရင်တော့ ...
သူငယ်ချင်းဆိုတာ ...
ဘာ အဓိပ္ပာယ်ရှိတော့မှာလဲလေ။



**သူငယ်ချင်း ...**

သူများတွေ စကားပြောရင်
ပါးစပ်အဟောင်းသားနဲ့ နားထောင်တတ်ပြီး
"ဟုတ်လား ... ဟေ" "ဟုတ်လို့ ... လား" လို့
ပြန်ပြန်မေးတတ်တဲ့
အေးအေးဆိုတဲ့ ကောင်မလေး မှတ်မိသေးတယ်။
နာမည်နဲ့ လိုက်အောင် အေးတယ်နော်။
သူများ မကောင်းကြောင်းလည်း မပြောတတ်
ကိုယ်ကို စောင်းပြောရင်လည်း မသိ
လူတကာကို လိုက်လိုက်လျှောလျှော
အမြဲပေါင်းသင်းတတ်တဲ့
ချစ်စရာကောင်းတဲ့ ကောင်မလေးပေါ့။
သူများနောက်လိုက် တပည့်လိုနေတော့
လူတကာနဲ့ တည့်တယ်လေ။
သူ့ကို မုန်းတဲ့သူ မရှိသလောက်ပါဘဲ။
တစ်ခါတလေ ငါလည်း သူ့လို နေချင်လိုက်တာ။
ဒါပေမယ့် ... မရပါဘူးဟာ။
**မဟုတ်မခံတတ်တဲ့ စိတ်ဓာတ်**
**သူတစ်ပါးကို အနိုင်မခံချင်တဲ့ မာန**
**ကိုယ့်ကို ထိခိုက် စော်ကားလာရင်**
**ကာကွယ် တုန့်ပြန်ချင်တဲ့ ဆန္ဒတွေကြောင့်**
**ဘဝအမောတွေ ကြားထဲမှာ ငါ ... တော့**
**သောကနဲ့ လုံးထွေးရစ်ပတ် နေလေရဲ့။**
နင်ကော ... ဘယ်လိုလဲ
အေးအေးလို နေတတ်ပြီလား။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

**ဖြစ်သင့်တာနဲ့**
**ဖြစ်ချင်တာ**
**နင် ... ဘာကို ဦးစားပေးမလဲ။**
ထူးချွန်အောင်မြင်သူတွေကတော့
ဖြစ်သင့်တာပဲ
ဦးစားပေးတတ်ကြတယ်။
နင်က ထူးချွန်အောင်မြင်မယ့် သူပါ။
ငါထင်တာ မမှားပါဘူး။



သူငယ်ချင်း ...

ရယ်စရာတွေ အမြဲပြောပြီး
ပေါ်တောတော နေတတ်တဲ့
သင်းသင်းမြတ် တစ်ယောက်
ဘယ်ရောက်နေတယ် ကြားလဲ။
'မြတ် ကလေ' 'မြတ်' ကလေ ဆိုတဲ့စကား
နားထဲမှာ ကြားနေတုန်း။
မိသားစု စီးပွားရေး ကျပ်တည်းပေမယ့် -
**စိတ်ဆင်းရဲစရာတွေ ခေါင်းထဲမထားဘဲ**
**'ပျော်ပျော်နေ သေခဲ' ဆိုတဲ့ သူ့ဝါဒကို**
**ငါ အမှတ်ရမိသေးတယ်။**
သူပြောလိုက်တဲ့ စကားတိုင်းမှာ
ရယ်စရာ ဟာသတွေ အမြဲပါလို့ နေတယ်။
ဘဝမှာ အဲ့ဒီလိုမျိုး သူ အမြဲတမ်း
ပျော်ပျော်ရွှင်ရွှင် နေနိုင်ပါစေ။
ရယ်မောစရာတွေ ပြောရင်း
သောကကင်းစွာ နေနိုင်ပါစေလို့
သူ့အတွက် ငါ ဆုတောင်းပေးလျက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**သူငယ်ချင်း ...**

ရုပ်ပြာ ရုပ်ပြာနဲ့
ကပျာကယာ လုပ်တတ်ပြီး
များများယွင်းယွင်းတွေ
ဖြစ် ဖြစ်နေတာ ဘာကြောင့်လဲ။
စိတ်ပူပန်ပြီး
ဟန်မကျဖြစ်မှာ စိုးလို့ပေါ့။
**စိတ်ကို နည်းနည်းလေး လျော့**
**သူဟာသူ အဆင်ပြေ သွားပါလိမ့်မယ်။**



**သူငယ်ချင်း ...**

အောင်နိုင်သူဆိုတာ
သူတစ်ပါးနဲ့ ယှဉ်ပြိုင်ပြီး
အနိုင်ရတဲ့ လူမျိုးကို ဆိုလိုတာ မဟုတ်ဘူး။
**ကိုယ်ကို ကိုယ်ပြိုင်**
**ကိုယ့်စိတ် ကိုယ်နိုင်ပြီး**
**အခက်အခဲတွေကို ရင်ဆိုင် အနိုင်ယူ ကျော်ဖြတ်**
**မှန်ကန်တဲ့ စိတ်ဓာတ်နဲ့**
**မရပ်မနား ရုန်းကန် အောင်ပွဲခံနိုင်သူကို ပြောတာ။**
အောင်နိုင်သူဟာ
စေတနာရှိတယ်။
အချိန်အခါ သိတယ်။
ရိုးသားမှုရှိသလို
ကြိုးစားမှုလည်း ရှိတယ်။
နိုးကြားမှုလည်း ရှိတယ်။
ဘယ်သူ့ကိုမှ အမုန်းမပွား
အပြုံးစကားသာ ဆိုတယ်။
အပြစ်တင် အပြစ်မြင်စိတ် မထားဘဲ
မေတ္တာတရားနဲ့ ဆက်ဆံပေါင်းသင်းတယ်။
သူငယ်ချင်း ...
အဲ့ဒီသူမှ အောင်နိုင်သူ အစစ်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

**ယောကျာ်းဆိုတာ**
**ရှေ့က မားမားရပ်ပြီး**
**စိတ်ဓာတ် ခိုင်ခိုင်နဲ့**
**ဦးဆောင်နိုင်ရမယ်။**
ပြတ်ပြတ်သားသား
ဆုံးဖြတ်ရဲ ရတယ်။
အားနွဲ့သူတွေကို
ညှာတာ စာနာတတ်ရတယ်။
နင့်ကို အဲ့ဒီလို ယောကျာ်းမျိုး ဖြစ်စေချင်တာ
ငါ ... အလွန်လား ဟာ။

သူငယ်ချင်း ...

ဘဝဆိုတာ ပျော်စရာ
ချစ်စရာကောင်းတဲ့ နေရာလို့
ငါ ... အကျယ်ကြီး အော်ပြောချင်လိုက်တာ။
မင်း ကြည့်လိုက်စမ်း ...
မုန်တိုင်းဒဏ်ကို မကြောက်ဘဲ
ခပ်ရဲရဲ ပွင့်တဲ့ ပန်းလှလှလေးတွေ
နေပူ မိုးစိုမှာ မကြောက်ဘဲ
တေးချိုချိုဆိုနေတဲ့ ငှက်ကလေးတွေ
ဒုက္ခတွေကို ကြိုမတွေးဘဲ
ပျော်နေကြတဲ့ ကလေးလေးတွေ
တွေးကြည့်လိုက်ရင်
ချစ်စရာ ကြည်နူးစရာတွေချည်းပါပဲ။
သူတို့လို ... တို့လည်း
ပျော်ရွှင်စွာ မနေသင့်ဘူးလား။
ကဲ ... မင်း စဉ်းစားကြည့်။

www.burmeseclassic.com

www.burmeseclassic.com



**သူငယ်ချင်း ...**

**မိန်းမဆိုတာ**
သန့်သန့်ရှင်းရှင်း
သပ်သပ်ရပ်ရပ်နဲ့
နေတတ် ထိုင်တတ်ရတယ်။
ဣန္ဒြေသိက္ခာနဲ့
သေချာစဉ်းစား ဆုံးဖြတ်တတ်ရမယ်။
ပြောသမျှ မယုံလွယ်ရဘူး။
အရမ်းမဲ့ အားနာလိုက်လျောတာမျိုး
မဖြစ်သင့်ဘူး။
**မိန်းမ ပီသရမယ်။**
**အတွေးအခေါ် ထက်မြက်ပြီး**
**မှန်ကန်တဲ့ ရည်မှန်းချက်ရှိရမယ်။**
ငါ့ သူငယ်ချင်းကို
ဒီလိုမျိုး မိန်းမ ဖြစ်စေချင်ရဲ့။



**သူငယ်ချင်း ...**

ဘဝမှာ မိတ်ဆွေကောင်းဆိုတာ
တန်ဖိုးထားအပ်တဲ့ အရာပါ။
သူငယ်ချင်းဆိုတာ
မိတ်ဆွေကောင်း ဖြစ်နိုင်ပေမယ့်
သူငယ်ချင်းတိုင်းဟာလည်း
မိတ်ဆွေကောင်း မဖြစ်ကြပါဘူး။
သူငယ်ချင်းက မိတ်ဆွေကောင်း မဖြစ်ခဲ့ရင်လည်း
သူငယ်ချင်းဟာ သူငယ်ချင်းပါပဲ။
မိတ်ဆွေကောင်း ဆိုတာကတော့
သူငယ်ချင်းလောက် မချစ်ခင်တတ်လည်း
သူ့အကျိုးစီးပွား ကိုယ်စောင့်ရှောက်
ကိုယ့်အကျိုးစီးပွား သူ စောင့်ရှောက်နဲ့
တစ်ယောက်နဲ့ တစ်ယောက် ဖေးမကူညီ
ညီအစ်ကိုတွေလို နေလို့ရတယ်လေ။
**အဲ့ဒီလိုမျိုး မိတ်ဆွေကောင်းတွေ**
**ဘဝမှာ ရှိနေတဲ့အခါမှာ**
**လိုရာအားကိုး ဆွေမျိုးရသလိုပါပဲ။**
**ဒါ့ကြောင့်...ဘဝမှာ မိတ်ဆွေကောင်းတွေရှိသင့်တယ်။**
ကိုယ်ကလည်း သူတစ်ပါးအပေါ်
မိတ်ဆွေကောင်းဖြစ်အောင် ကြိုးစားရမယ်။
ဘယ်လိုလဲ သူငယ်ချင်း ...
ငါပြောတာ ... မင်း လက်ခံသလား။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

**လောကကြီးမှာ**
**ဖြစ်ချင်တာ မဖြစ်ရရင်**
**စိတ်တို ငြိုငြင်ပြီး**
**ထင်ရာ လုပ်ကြေးလား။**
နင် မှားမှာပေါ့ဟာ။
ဘဝမှာ ဖြစ်ချင်တိုင်း မဖြစ်တာတွေ
အများကြီးပဲလေ။



သူငယ်ချင်း ...

ကျောင်းသားဘဝမှာ
ကြက်တောင်အတူ ရိုက်ရင်း
ဆော့ခဲ့ ပျော်ခဲ့ကြတာ နင် မှတ်မိမှာပါ။
ကွင်းထဲမှာ သူနိုင် ငါနိုင်
အပြိုင် ရိုက်ခဲ့ကြပေမယ့်
ကွင်းပြင်မှာ ပျော်ရွှင်ရယ်မောခဲ့ကြတာ
ငါ အမြဲ သတိရတယ်ဟာ။
**ဘဝဆိုတဲ့ မာရသွန်ပြိုင်ပွဲကြီးကို**
**မလွဲမသွေ ယှဉ်ပြိုင်ရတဲ့အခါ**
**တို့တစ်တွေ အခုလိုပဲ**
**ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်**
**ပြိုင်ပွဲဝင်ကြရအောင်နော်။**
'ဆု' နဲ့ပတ်သိုတ်အောင်လည်း
တို့ ... ကြိုးစားကြရအောင်။
နင် သဘောတူတယ် ... ဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း ...

ဘယ်သူမှ အမှားမကင်းဘူး။
တစ်ကွေ့ ကွေ့မှာတော့
သူလည်း မှား ကိုယ်လည်း မှားတာပဲ။
**သူမှားလည်း ကိုယ်ခွင့်လွှတ်**
**ကိုယ်မှားလည်း သူ ခွင့်လွှတ်နဲ့**
**ဘဝခရီးကို မငြီးငြူဘဲ**
**အတူသွားကြရမှာပဲ မဟုတ်လား။**
ဒီတော့ ...
ခွင့်လွှတ်ခြင်း တရား
လက်ကိုင်ထားပေါ့ ... နော။




သူငယ်ချင်း ...

အဖေက ပြောဖူးတယ်။
သူငယ်ချင်းကို ကြည့်ပေါင်းတဲ့။
**ဆွဲချ သူငယ်ချင်း**
**တွန်းတင် သူငယ်ချင်း**
**ရောလိုက် သူငယ်ချင်း**
**သုံးမျိုး သုံးစားရှိသတဲ့။**
ဆွဲချ သူငယ်ချင်းကတော့
မကောင်းတာတွေ တိုက်တွန်းပြီး
ဘဝနစ်မွန်းအောင် လုပ်တတ်သတဲ့။
တွန်းတင် သူငယ်ချင်းကတော့
တိုးတက် ကြီးပွားအောင်
ကြိုးစား တိုက်တွန်း နှိုးဆော်သတဲ့။
ရောလိုက် သူငယ်ချင်းကတော့
မကောင်း မပြော ကောင်း မပြော
ရောနှော ပျော်ရွှင်နေချင်သတဲ့။
အဖေက ငါ့ကို ဘယ်လို သူငယ်ချင်းမျိုး
ပေါင်းသင်း စေချင်သလဲဆိုတာ
မင်း သိမှာပါနော်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

Let by gones
Be by gones.
**ပြီးခဲ့တာတွေ ပြီးပါစေတော့လို့**
**ပေါ့ပေါ့ဆဆ ပြောတာမျိုး**
**ငါ တကယ် မကြိုက်ဘူးဟာ။**
ပြီးခဲ့တာတွေဟာ
ပစ်စလက်ခတ် ဖြစ်ခဲ့တာဆိုရင်တော့
တစ်မျိုးပေါ့ဟာ ...
ကျားကုပ်ကျားခဲ ကြိုးပမ်းတည်ဆောက်ပြီးမှ
တစ်ယောက်ယောက်ကြောင့် လဲပြိုသွားရတယ်ဆိုရင်
အလွယ်တကူ ပြီးလို့ ဘယ်ရမလဲ။
နင်ပဲ စဉ်းစားကြည့်ပါဦး။



သူငယ်ချင်း ...

တစ်ခါတစ်ရံမှာ
လူနှစ်ယောက် ပေါင်းနေတာ
ဘာ ပြဿနာမှ မရှိပေမယ့်
နောက် တစ်ယောက် ထပ်တိုးပြီး
တတိယလူ ရှိလာပြီဆိုရင်
အဲ့ဒီ တတိယလူကြောင့်
စိတ်အနှောင့်အယှက် ဖြစ်ရတတ်တယ်။
**မင်းနဲ့ ငါနဲ့ နှစ်ယောက်ကြားမှာ**
**အဲ့ဒီ တတိယလူ ပေါ်ခဲ့ရင်**
**အဲ့ဒီလူကြောင့် တို့နှစ်ယောက်**
**စိတ်မဖောက်ကြေးနော်။**
**ဘာပဲဖြစ်ဖြစ်**
**သူငယ်ချင်းဟာ သူငယ်ချင်းပဲ။**
**မင်း ... မမေ့နဲ့နော်။**

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

**အင်္ဂလိပ်စာ တိုးတက်ထက်မြက်အောင်**
**ငါ ကြိုးစားနေတယ်။**
ပထမဆုံး ဝါသနာပါအောင် လုပ်တယ်။
အချိန်တိုင်းလိုလို အင်္ဂလိပ်စာပဲ ဖတ်တယ်။
အင်္ဂလိပ်သီချင်းတွေ နားထောင်ပြီး
လိုက်ဆိုကြည့်တယ်။
အင်္ဂလိပ် ရုပ်ရှင် ဗီဒီယိုကားတွေ
မလွတ်တမ်းကြည့်တယ်။
အင်္ဂလိပ် အသံထွက်ကောင်းတဲ့
ဆရာတွေဆီမှာ တပည့်ခံ သင်ကြားတယ်။
ရပ်ဝေးက ဆရာသမားတွေဆီကို
စာရေးပြီး ဆွေးနွေးတယ်။
အင်္ဂလိပ် မြန်မာ မဂ္ဂဇင်းတွေ ဝယ်ဖတ်ပြီး
ပြိုင်ပွဲတွေ ဝင်ပြိုင်တယ်။
**ဘာပဲဖြစ်ဖြစ် (၃)နှစ်အတွင်းမှာ**
**အင်္ဂလိပ်စာ ရေးနိုင် ပြောနိုင်ရမယ်။**
**နင်ကော ... ငါလို လုပ်ကြည့်ပါလား။**



သူငယ်ချင်း ...

တို့ သူငယ်ချင်းတွေ ကြားထဲမှာ
ငွေစကား မပြောကြေးနော်။
**ငွေဟာ အရာရာကို ဖန်တီးနိုင်တဲ့**
**ဒုတိယ ဘုရားသခင်ဆိုတာ**
**ငါ ကြားဖူးပါတယ်။**
**ဒါပေမယ့် ... အဲဒီငွေနဲ့**
**တို့သူငယ်ချင်းတွေရဲ့ ချစ်ခင်မှုကို**
**ဖန်တီးတည်ဆောက်လို့ မရဘူး။**
တို့နှစ်ယောက်ရဲ့ ချစ်ခင်မှုကြားထဲမှာ
ငွေ မပါဘူး။
ငွေကို လူရာမသွင်းဘူး။
တကယ်လို့များ တို့တွေကြားထဲမှာ
ငွေဟာ ကန့်လန့်ကန့်လန့် ပါလာပြီး
ဖယားရှုပ် လာမယ်ဆိုရင်
ငွေကို ကန်ထုတ်ပစ်လိုက်ပါ။
သူငယ်ချင်းကိုတော့
လက်တွဲ မဖြုတ်လိုက်နဲ့နော်။
သူငယ်ချင်းက ငွေထက်
ပိုပြီး အဖိုးတန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

**စိတ်သွားတိုင်း ကိုယ်ပါ**
**လိုရာဆန္ဒပြည့်ပါစေ ... တဲ့။**
ဆရာတစ်ယောက်ရဲ့ ဆုပေးစကား
ငါ့ နားထဲမှာ မထွက်ဘူး။
ကောင်းလိုက်တာကွာ
အဲ့ဒီဆုမျိုး ပြည့်ချင်လိုက်တာ။



သူငယ်ချင်း ...

တို့ငယ်ငယ်တုန်းက
သမိုင်းသင်တဲ့ ဆရာက မှာဖူးတယ်။
**"လူဆိုတာ ကိုယ့်သမိုင်း ကိုယ်ရေးတာတဲ့"**
**ကောင်းတာ လုပ်ရင်**
**အကောင်းမြင် ခံရမယ်။**
**မကောင်းတာ လုပ်ရင်**
**မကောင်း အထင်ခံရမယ်။**
**ကိုယ်ဘာပဲ လုပ်လုပ်**
**ကိုယ့်လိပ်ပြာ ကိုယ် သန့်ပါစေ ... တဲ့။**
ဆရာ့စကား
အခုထက်ထိ နားထဲမှာ ကြားတုန်း။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

မင်း အသိ
ငါ အသိ
တို့မှာ ဥစ္စာမရှိ။
တို့ ရှိတာက
နိုးကြားမှု
ကြိုးစားမှု
ရိုးသားမှုဆိုတဲ့ ဂုဏ်သိက္ခာ
ဘာနဲ့မှ မလဲနိုင်ဘူး။
သေသည့်တိုင် တန်ဖိုးထားတယ်။



သူငယ်ချင်း ...

နှင် သဘောမတူဘဲ
အယ်သူမှ နှင့်ကို
နိမ့်ကျ သေးသိမ်သွားအောင်
မလုပ်နိုင်ပါဘူး ဟာ။
နှင်ရဲ့ စိတ်ဓာတ်တွေ
သေးသိမ် နိမ့်ကျ သွားအောင်တော့
ကိုယ့်ဘာသာ မလုပ်မိပါစေနဲ့။
ဘဝဆိုတာ
အားငယ် စိတ်ပျက်နေဖို့မှ မဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

ကမ္ဘာကျော်ပုဂ္ဂိုလ်
ဝင်စတန်ချာချီရဲ့ စကား
မှတ်သားခဲ့မိဖူးတယ်။
**Never, never, never**
**never give up ... တဲ့။**
**ဘယ်တော့ ... ဘယ်တော့ ... ဘယ်တော့**
**ဘယ်တော့မှ ... အရှုံးမပေးနဲ့တဲ့။**
စိတ်ဓာတ်ကျစရာတွေ ကြုံတဲ့အခါ
ဒီစကားလေးကို အမှတ်ရလိုက်ပါ။



သူငယ်ချင်း ...

**အဖေဆိုတာ**
**သဘာဝတရားက ဖန်ဆင်းပေးထားတဲ့**
**တို့ရဲ့ လိုတရ နတ်မင်းကြီးပဲ။**
အဖေတော်တော် များများဟာ
သူတို့ သမီး ... သားတွေအတွက်
လိုအပ်ချက်မှန်သမျှ မဖြစ်မနေ
ရှာဖွေဖြည့်ဆည်း ပေးနေတဲ့ သူတွေပဲ။
လိုတရ နတ်မင်းကြီးကို
စိတ်ဆိုးစိတ်ကောက်ပြီး
အနှောင့်အယှက် မပေးမိစေနဲ့နော်။
နင် ... လာတ်ပိတ်သွားလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com





**သူငယ်ချင်း ...**

**နံ့နက်မိုးသောက် ရောက်တာနဲ့**
**တစ်ယောက်ယောက်ကို**
**ကျေးဇူးပြုမယ်ဆိုတဲ့ စိတ်မျိုး မွေးပြီး**
**တတ်စွမ်းသမျှ**
**ပေးကမ်း ကူညီလိုက်ပါလားကွာ။**
ဒါမှ မင်းရဲ့ စေတနာ စုဗူးကြီး
ပြည့်လျှံသွားမှာပေါ့။



**သူငယ်ချင်း ...**

**အမေဆိုတာ**
**သဘာဝက လက်ဆောင်ပေးထားတဲ့**
**'အိုအေစစ်' လေး တစ်ခုပါပဲ။**
**သဲကန္တာရထဲမှာ အိုအေစစ်ဟာ**
**ဘာနဲ့မှ မလဲနိုင်အောင် တန်ဖိုးကြီးသလို**
**ဘဝ ကန္တာရထဲမှာလည်း အမေဟာ**
**ဘာနဲ့မှ နှိုင်းလို့ မရအောင် တန်ဖိုးမြင့်ပါတယ်။**
အမေဆိုတဲ့ အိုအေစစ် သာ မရှိခဲ့ရင်
ဘဝကန္တာရထဲမှာ နေလောင်ပန်းလို နွမ်းလိမ့်မယ်။
'အိုအေစစ်' ကို ချစ်ရကောင်းမှန်း မသိဘဲ
ပစ်ပယ်သွားမယ်ဆိုရင်
တစ်ချိန်ချိန်မှာ နောင်တရပြီး
ခံစား သွားရလိမ့်မယ်။
ငါတော့ အမေရဲ့ တန်ဖိုးကို
ကောင်းကောင်း သိတယ်။
ငါ့ ဘဝမှာ မရှိမဖြစ်
အလိုအပ်ဆုံး အရာဟာ အမေပါပဲ။
မင်းကော ... ဘယ်လိုလဲ။
ငါနဲ့ ထပ်တူ ... သဘောတူရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



**သူငယ်ချင်း ...**

**ငါ့နဖူးမှာ နားနေတဲ့**
**ခြင်ကောင်ကို ရိုက်သတ်ပေးဖို့**
**ပုဆိန်ကြီးကိုတော့**
**ထုတ်မပြပါနဲ့ကွာ။**
မင်း စေတနာကို ငါ နားလည်ပါတယ်။
ကျေးဇူးလည်း တင်ပါတယ်။



**သူငယ်ချင်း ...**

နင် ... ဗလကြီးကို မှတ်မိလား။
လူကောင်ထွားထွား အားကစားသမားလေ။
ကျောင်းဘောလုံးပွဲတွေမှာ ခြေစွမ်းပြနိုင်လို့
ဗလကြီးဆိုပြီး နာမည်ကြီးခဲ့တာလေ။
အဲ့ဒီ ဗလကြီးက ဖြူဖြူဆွတ်ဆွတ်
တရုတ်မလေး ခင်နှင်းဖြူကို ကြိုက်လို့
ရည်းစားစကား လိုက်ပြောတော့
တရုတ်မလေးခမျာ ကြောက်လို့ ထွက်ပြေးသတဲ့။
ဒီ သတင်းက တစ်ကျောင်းလုံး ပြန့်သွားတော့
နှုံပြည့်စုတ်ကို အမြောက်နဲ့ ချိန်တယ်ဆိုပြီး
ဗလကြီး နာမည်ပိုကြီး သွားတော့တာပေါ့။
ဗလကြီးလည်း ရှက်လွန်းလို့
ကျောင်း ၃–ရက် မတက်ရဲအောင်ဖြစ်သတဲ့။
နောက်တော့ ... အဲ့ဒီ ဗလကြီးဟာ
တို့ အုပ်စုနဲ့ လာပတ်သက်ပြီး
ခင်မင်ရင်းနှီးသွားခဲ့တယ်လေ။
သူ့အဖေက ဝန်ထမ်းဆိုတော့
ဗလကြီး ၁၀–တန်းဖြေပြီးတဲ့ နှစ်မှာပဲ
တို့ မြို့က ပြောင်းသွားခဲ့ကြတယ်။
**ရင်းရင်းနှီးနှီး ဆက်ဆံပေါင်းသင်းကြတော့**
**ဗလကြီးဟာ စိတ်ရင်းသိပ်ကောင်းမှန်း သိကြရတယ်။**
**အဲဒီ ဗလကြီး အခုတော့ ဘယ်ဆီနေမှန်း မသိ။**
**ဗလကြီးလို သူငယ်ချင်းဟွေနဲ့**
**ပြန်တွေ့ချင်ပါသေးတယ်။**

www.burmeseclassic.com

www.burmeseclassic.com

**သူငယ်ချင်း ...**

**မင်းသိလား ...**
**ဟန်ဆောင်သော မိတ်ဆွေသည်**
**ရန်သူထက် ဆိုး ... သတဲ့။**
ဘာပဲဖြစ်ဖြစ်
ငါ့အပေါ်မှာ ပွင့်လင်းပါ။
ဟန်မဆောင်ပါနဲ့လို့
ငါ တောင်းပန်ပါရစေ။
သူငယ်ချင်းချင်း
ပွင့်ပွင့်လင်းလင်းပေါ့။
တစ်ကွက်ချန် ဆက်ဆံတာမျိုး
ငါ ... မလိုလားဘူး။



**သူငယ်ချင်း ...**

တစ်ယောက်တစ်နယ်စီ ဝေးနေကြတာမို့
လွမ်းတော့ လွမ်းတာပေါ့။
ဒါပေမယ့် ... ငါ မလွမ်းဘူး။
မင်းလည်း မင်းယုံကြည်ချက်နဲ့
မင်း ရည်ရွယ်ချက် ပန်းတိုင်ဆီကို
အားခဲပြီး လျှောက်နေသလို
ငါလည်း ...
ငါ့ ယုံကြည်ချက်နဲ့ ငါ
ငါ မှန်တယ် ထင်တာကို
လုပ်နေခဲ့တာပဲ။
**တစ်နေ့နေ့မှာတော့**
**ရည်ရွယ်ချက်တူတဲ့ တို့နှစ်ယောက်**
**ပြန်ဆုံတွေ့ကြမယ်လို့ ငါ ထင်တယ်။**
မင်းက ဆရာဝန်၊ ငါက အင်ဂျင်နီယာ ဘဝနဲ့
ပြည်သာယာ တည်ဆောက်ဖို့
တို့နှစ်ယောက် ပြန်တွေ့စို့။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

မင်းဘဝမှာ
ရှုံးနိမ့် ခဲ့မှုတွေ
ဘာတစ်ခုမှ မရှိသေးဘူးဆိုရင်
အောင်မြင်ကြီးပွားဖို့အတွက်
ဘာတစ်ခုမှ စွန့်စွန့်စားစား
မလုပ်သေးဘူးဆိုတာ
ငါ ... သဘောပေါက်လိုက်တယ်။
တကယ်တော့ ...
**ကြီးပွား အောင်မြင်မှုတိုင်းမှာ**
**စွန့်စား ရုန်းကန်မှုဆိုတာ ရှိစမြဲပဲ။**
ဒါကို ... ကြိုပြီး မင်းသဘောပေါက်ပါ။
ကြီးပွား အောင်မြင်မှုအတွက်
စွန့်စား ရုန်းကန်ရဲတဲ့ သတ္တိ
မင်းကို ရှိစေချင်တယ်ကွာ။



သူငယ်ချင်း ...

ဘဝမှာ ကိုယ့်အားကိုယ်ကိုးပြီး
ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ချင်တယ်။
သူတစ်ပါး နှာခေါင်းပေါက်နဲ့
အသက်ရှူရမှာကို
ငါ အမုန်းဆုံးပဲ။
ကြမ်းတမ်းတဲ့ ဘဝခရီးလမ်းမှာ
စမ်းရေကြည်တစ်ပေါက်
တိုက်မယ့်သူတွေ့ခဲ့ရင်
ငါ့ကျေးဇူးသိလိတ်ပါပဲ။
အရိပ်မဲ့ နေပူလမ်းမှာ
ထီးကမ်းပေးတဲ့သူ ရှိခဲ့ရင်
ငါ့ ကျေးဇူးသိလိတ်ပါပဲ။
ဒါပေမယ့် ... ငါဟာ ...
ဒါတွေကို မျှော်လင့်အားကိုးပြီး
ခရီးသွားမယ့်သူတော့ မဟုတ်ဘူး။
**ကိုယ့်ခရီးကို**
**ကိုယ့်နည်းကိုယ့်ဟန်**
**ကိုယ့်အားကိုယ့်မာန်နဲ့**
**အညွှံမခံ ချီတက်သွားမယ်ဆိုတာ**
**မင်းကို သိစေချင်တယ်။**

www.burmeseclassic.com

www.burmeseclassic.com



**သူငယ်ချင်း ...**

**ကြီးပွား အောင်မြင်မှုဆိုတာ**
**လမ်းဘေးက အချောင်ရနိုင်တဲ့**
**ဈေးပေါပေါပစ္စည်းမျိုး မဟုတ်ဘူး။**
ကိုယ့်ရဲ့ ဖွဲ့ လုံ့လ ဝီရိယ
စိတ်ကောင်းစေတနာနဲ့
ဉာဏ်ပညာတွေကို
ထိုက်ထိုက်တန်တန်
ရင်းနှီးမြှုပ်နှံ ပေးဆပ်ပြီးမှ
ရလာတတ်တဲ့ ပစ္စည်းမျိုး
တန်ဖိုး ကြီးတယ်။



**သူငယ်ချင်း ...**

အဖေ အရက်သောက်လွန်းလို့
အမြဲတမ်း စိတ်ညစ်ပြီး အားငယ်နေတတ်တဲ့
'ကိုငယ်' ကို နင် မေ့မှာ မဟုတ်ပါဘူး။
သူတကာနဲ့ ယှဉ်ရင် ရှုံးမှာပဲဆိုတဲ့ အတွေးနဲ့
ဘာပြိုင်ပွဲမှ မဝင်ရဲခဲ့တဲ့ ကိုငယ်။
သူငယ်ချင်းတွေ ကြားထဲမှာ
အားငယ်စွာနဲ့ ထိုင်ငေးနေတတ်တဲ့ ကိုငယ်။
သူတစ်ပါးက ဝေဖန်ရင်
ခေါင်းငုံ့ ခံပြီး ဝမ်းနည်းနေတတ်တဲ့ ကိုငယ်။
အဲ့ဒီ့ ကိုငယ်ကို နင် သနားလွန်းလို့
ကြိတ်ပြီး သံယောဇဉ်ကြီးခဲ့တာလေ
ငါ မသိဘူး မှတ်လို့လား။
အဲ့ဒီ ကိုငယ်က အခု ...
စာရေးဆရာဖြစ်နေပြီတဲ့ ... တော့။
အားတက်စရာ ဒဿနအတွေးတွေ
ရေးနေတဲ့ စာရေးဆရာဆိုပဲ။
ဘယ်လိုတွေဖြစ်ပြီး ပြောင်းလဲကုန်မှန်း
ငါလည်း မသိတော့ပါဘူးဟာ။
**ဒါပေမယ့် ... တို့ သူငယ်ချင်းတွေထဲမှာ**
**စာရေးဆရာတစ်ယောက် ဖြစ်လာတဲ့ ကိုငယ့်အတွက်**
**တို့ ဂုဏ်ယူတယ် ဝမ်းသာတယ်။**

www.burmeseclassic.com

www.burmeseclassic.com



**သူငယ်ချင်း ...**

**အောင်မြင် ကြီးပွားရေး လမ်းမပေါ်**
**ရောက်နေတဲ့ မင်း ... ဟာ**
**ဆက်မလျှောက်ဘဲ**
**မောလို့ ထိုင်နေမယ်ဆိုရင်တော့။**
**မင်း ခေါင်းပေါ်ကို**
**တစ်ယောက်ပြီး တစ်ယောက်**
**တက်နင်းသွားမှာ အသေအချာပေါ့။**



**သူငယ်ချင်း ...**

ကျောင်းတုန်းက စကားကြီး စကားကျယ်
အမြဲပြောတတ်တဲ့ သန်းဦးဆိုတဲ့ အကောင်
ကောင်းစား နေပါရောလား။
ဘဝဆိုတာ ဘာမှ မဟုတ်ဘူး
ကြိုးစား ရုန်းကန်ခြင်းသာ ဖြစ်တယ်။
အချိန်ဆိုတာ ရွှေလိုပဲ အဖိုးတန်တယ်။
အချိန်ကို ကောင်းကောင်း အသုံးချရမယ်။
ကြီးပွား အောင်မြင်မှုဆိုတာ
လူပျင်းတွေ မရနိုင်တဲ့ ဆုလာဘ်တဲ့။
တို့ သူငယ်ချင်းတွေကြားထဲမှာ
သူရဲ့ ကြီးကျယ်တဲ့ စကားတွေ
အမြဲကြားနေရတော့ နားတောင်ငြီးတယ်။
သူကတော့ သူ့စကားအတိုင်း
ကြိုးစား ရုန်းကန်နိုင်ခဲ့ပုံ ရတယ်။
အခုတော့ ... ဆယ်လူလာဖုန်းနဲ့ ကားနဲ့
ကြီးပွား ကောင်းစားနေသတဲ့။
**သန်းဦးလို ကြီးပွားနေတဲ့ သူငယ်ချင်းတွေ**
**အများကြီး ရှိစေချင်လိုက်တာ။**
**သူတို့ ကောင်းစားတာ ကြားတော့**
**ငါ ... သိပ် ဝမ်းသာတယ်ဟာ။**
နင်လည်း မကြာခင် ကြီးပွားတော့မှာမို့
နင့်အတွက်လည်း ငါ ... ကြိုပြီး ဝမ်းသာထားမယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



**သူငယ်ချင်း ...**

ဖေဖေ ပြောဖူးတယ်။
အထက်တန်း ကျောင်းမှာတုန်းက
အတန်းထဲမှာ အဆင့် (၁)နဲ့ (၁၀)အတွင်း
ရခဲ့ကြတဲ့ သူတွေဟာ
လောကနယ်ပယ်မှာ
တွင်ကျယ်နေတဲ့သူ နည်းတယ်။
သူတို့ဟာ တာဝေးပြေးပွဲမှန်း မသိဘဲ
တာအထွက်မှာ အားကုန်သုံးလိုက်တဲ့
အပြေးသမားတွေနဲ့ တူလို့ ထင်ပါရဲ့ တဲ့။
ကျောင်းမှာတုန်းက အဆင့် (၁)နဲ့ (၁၀)အတွင်း
ရခဲ့တဲ့ နင့်ကိုလည်း
အဲ့ဒီလို ဖြစ်မှာစိုးတယ်။
ငါလည်း အဲ့ဒီလို မဖြစ်အောင် ကြိုးစားမယ်။
**ဘဝဆိုတဲ့ တာဝေးပြေးပွဲမှာ**
**ရွှေတံဆိပ်ဆုရအောင် တို့ ကြိုးစားကြမယ်နော်။**



**သူငယ်ချင်း ...**

မိဘနှစ်ပါး ဆုံးပါးသွားလို့
ကိုယ့်အား ကိုယ့်မာန်နဲ့
ကြိုးစား ရုန်းကန်နေရတဲ့
အေးမိစံအကြောင်း နင့်ကို ပြောချင်တယ်။
အလှပြင်ဆိုင် တစ်ဆိုင်မှာ
အလုပ် လုပ်ရင်း ကျောင်းတက်တယ်။
၁၀–တန်းအောင်တော့ စာပေးစာယူတက်တယ်။
အခုတော့ ဘွဲ့ရပြီ။
အင်္ဂလိပ်စကားပြော၊ တရုတ်စကားပြောကို
သုံးစားလို့ရတဲ့အထိ ကြိုးစားသင်တယ်။
အခုတော့ ကွန်ပျူတာ ပါတတ်တယ်။
ခရီးသွား အေဂျင်စီ တစ်ခုမှာ
မန်နေဂျာ ရာထူးနဲ့
လခကောင်းကောင်း စားနေပြီ။
**တကယ်တော် တကယ် ကြိုးစားလို့**
**တကယ် ထူးချွန်ရင်**
**လိုချင်သူတွေ**
**ဝိုင်းဝိုင်းလည်နေရဲ့။**
တို့လည်း 'သူ့ကို အားကျပြီး
ကြိုးစားကြစို့နော်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

**အစက်အခဲ ပြဿနာတွေနဲ့**
**တွေ့ကြုံတဲ့အခါ**
**ရင်မဆိုင်ဘဲ ထွက်ပြေးနေလို့**
**ဒီပြဿနာတွေ ပြီးဆုံးသွားမှာလား။**
**သတ္တိရှိရှိ ရင်ဆိုင်ပါ။**
ဖြေရှင်းနိုင်တဲ့ နည်းလမ်းတွေရှာပါ။
သူငယ်ချင်း မိတ်ဆွေကောင်းတွေရဲ့
အကူအညီကို ရယူပါ။
ပြဿနာရှိရင် အဖြေရှိတာပဲ သူငယ်ချင်း။
စိတ်ရှည်ရှည် ခေါင်းအေးအေးထားပြီး
စဉ်းစဉ်းစားစားနဲ့ အဖြေရှာ။
ပြဿနာဆိုတာ ဘာမျှ မဟုတ်
လူလုပ်လို့ ဖြစ်တဲ့အရာ။
မဖြေရှင်းနိုင်စရာ ဘာမျှ မရှိ။
သတ္တိရှိရှိနဲ့ ရင်ဆိုင်
အောင်နိုင်သူ ဖြစ်ပါစေကွာ။



သူငယ်ချင်း ...

၁၀–တန်းအောင်ပြီး
ကျောင်းပိတ်ရက်မှာ
သီလရှင် ဝတ်ရင်းနဲ့
ဘဝအမြင်တွေ ပြောင်းလဲသွားတဲ့
ညီညီခုခင်အကြောင်း ပြောချင်တယ်။
ဘဝရဲ့ ဒုက္ခတွေကို
အရင်းအတိုင်း သိမြင်ပြီး
လောကီကို မခင်တွယ်
သမုဒယတွေကို ပယ်ပြီး
သာသနာ့ဘောင် အပြီးဝင်သွားခဲ့တယ်လေ။
**ငယ်ငယ်ရွယ်ရွယ်နဲ့**
**ပြတ်ပြတ်သားသား**
**ဆုံးဖြတ် လုပ်ကိုင်ရဲတဲ့အတွက်**
**ချီးကျူး လေးစားစရာပါပဲ။**
**တို့ သူငယ်ချင်းတွေထဲမှာတော့**
**ရှားရှားပါးပါး အမှတ်ရစရာပဲပေါ့။**

www.burmeseclassic.com

www.burmeseclassic.com



**သူငယ်ချင်း ...**

သောက်သောက်စားစား လူမင်းသား
ပျော်ပျော်ပါးပါး ညမင်းသားဆိုပြီး
ဘဝရဲ့ ပျော်မောစရာတွေကို
ခံစား စံစားနေခဲ့တာ
ကြာပြီ ထင်တယ်နော် သူငယ်ချင်း။
ဘဝရဲ့ အပျော်တွေရှာရင်း
ဘဝအမောတွေနဲ့ နပမ်းလုံးနေရလို့
လုံးပါးပါးမှာ စိုးတယ်ကွာ။
**စိတ်အေးချမ်းသာ**
**တရား ဘာဝနာနဲ့**
**မေတ္တာကိုသာ အရင်းခံပြီး**
**စစ်မှန်တဲ့ ချမ်းသာခြင်းကို**
**ရှာဖွေကြည့်ပါဦး ... လို့**
**အကြံပြု တိုက်တွန်းချင်ပါတယ်။**
စေတနာကို နားလည်ပြီး
အလေးအနက်ထား စဉ်းစားစေချင်တယ်ကွာ။



**သူငယ်ချင်း ...**

**ဘဝမှာ အတိတ်ကံချင်း မတူသလို**
**ကုသိုလ်ချင်းလည်း မတူညီကြဘူးနော်။**
စုလဲ့မွန်ကတော့ မိဘတွေက ချမ်းသာလို့
စင်ကာပူမှာ ကျောင်းသွားတက်တယ်။
တရုတ်စာနဲ့ အင်္ဂလိပ်စာကို
ထမင်းစား ရေသောက်လို ပြောနိုင်ပြီး
မိဘထောင်ပေးတဲ့ ကုမ္ပဏီမှာ
မန်နေဂျင်းဒါရိုက်တာတဲ့။
ကြားရတာ ဝမ်းသာစရာပါ။
တစ်နေ့က ဗိုလ်ချုပ်ဈေးမှာ
သူနဲ့ပြန်တွေ့တော့ ငါ့ကို
စကားတောင် ကောင်းကောင်း မပြောနိုင်ရှာဘူး။
ဆယ်လူလာ ဖုန်းတစ်လုံးနဲ့
အလုပ်တွေ ရှုပ်ယှက်ခတ်နေတာပဲ။
ချီးကျူးအားကျ စရာပါကွယ်။
တို့ မိန်းကလေး သူငယ်ချင်းတွေထဲမှာတော့
သူဟာ ပေါက်ရောက်အောင်မြင်နေတဲ့
အမျိုးသမီးတစ်ယောက်ပါပဲ။
**သူငယ်ချင်းတွေ**
**ဒီလိုအောင်မြင်တာတွေ မြင်တွေ့ရတော့**
**အလွန်ပဲ ဝမ်းသာနေမိပေါ့။**

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ...

**အတောင်ပံပါရင် မင်းဆီကို ... ဆိုတဲ့**
**သီချင်းသံကို ကြားတိုင်း မင်းကို ငါလွမ်းမိတယ်။**
ငါတို့ လမ်းထိပ်က ညဘက် ဂစ်တာဝိုင်းမှာ
မင်းဆိုခဲ့တဲ့ သီချင်းလေ။
ကြည်လင်ပြတ်သားတဲ့ မင်းအသံကို
နားထဲမှာ ခုထိ စွဲငြိနေတုန်း။
AIDS ဆိုတဲ့ ကမ္ဘာ့ကပ်ဆိုးရောဂါ
မင်းဆီကို အလည်လာတယ်ဆိုတဲ့
တီးတိုးစကားတွေ ကြားပြီးနောက်
မင်းလည်း ပျောက်သွားလိုက်တာ။
အခုမှ မင်း သတင်းတွေ ပြန်ကြားရတယ်။
AIDS တိုက်ဖျက်ရေး NGO အဖွဲ့အစည်းတစ်ခုမှာ
တက်တက်ကြွကြွ ပါဝင်လှုပ်ရှားနေသတဲ့။
တစ်ခါတုန်းကလိုပဲ ဂစ်တာတစ်လက်နဲ့
သီချင်းတွေရေး သီချင်းတွေ ဆိုနေသတဲ့။
မင်းအကြောင်း မကောင်းပြောတာတွေ ရပ်နားကုန်ပါပြီ။
မင်းရဲ့ ကောင်းသတင်းတွေပဲ ကြားပါတော့တယ်။
ဝမ်းသာပါတယ် သူငယ်ချင်းရယ်။
ရောဂါကြောင့် စိတ်ဓာတ်ကျ မနေဘဲ
တက်ကြွပျော်ရွှင်စွာ အလုပ်လုပ်နိုင်တဲ့
မင်းရဲ့ သတ္တိကို ငါ ချီးကျူးလေးစား မိပါရဲ့။



သူငယ်ချင်း ...

ကားမှောက်ပြီး ခါးဆစ်ရိုးဒဏ်ရာရလို့
အိပ်ရာထဲ လဲနေရတဲ့
နွယ်ဦးမွန်ကို ငါ သွားတွေ့တယ်။
တွေ့ခါစမှာတော့ သူ့ခမျာ
ဝမ်းနည်းလွန်းလို့ ကြူကြူပါအောင် ငိုရှာတယ်။
သူ့ဘဝ ဆုံးပါပြီတဲ့။
နောက်တစ်ခေါက် သွားတွေ့တော့
တရားခွေတွေ နားထောင်
တရားစာအုပ်တွေ ဖတ်နေပြီလေ။
ငါ့ကိုလည်း စိတ်မကောင်း မဖြစ်ပါနဲ့။
ဒါ ... ဝဋ်နာ ကံနာပဲ ဘာတတ်နိုင်မှာလဲတဲ့။
ငါ့ကိုတောင် ဖြောင်းဖျ ... နားချလိုက်သေးတယ်။
နောက်တစ်ကြိမ် သွားတွေ့တော့
သူ့မျက်နှာမှာ အားငယ်ကိုးရိမ်စိတ်
ဘာတစ်ခုမှ မတွေ့တော့ဘူး။
သူ့ မျက်နှာလေးက ကြည်လင်အေးချမ်းပြီး
သူ့အပြုံးက ၃ွင်လန်းကြည်သာ နေလေတော့
ဒါ ဘာကြောင့်လဲလို့ ငါ ... မေးမိတာပေါ့။
တရားတော်ရဲ့ တန်ခိုးပဲလို့
သူက အေးအေးဆေးဆေး ပြန်ပြောခဲ့တယ်လေ။
**ဒုက္ခဆင်းရဲကို ခံမှုနဲ့သာ**
**ရင်ဆိုင် ကျော်ဖြတ် နိုင်ပါသတဲ့။**
သူပြောတာ စဉ်းစားစရာနော်။

www.burmeseclassic.com

www.burmeseclassic.com



**သူငယ်ချင်း ...**

ဘဝမှာ ဘယ်အရာများ
တည်မြဲတာ ရှိသလဲကွာ။
နေရာတကာမှာ
အရာရာ ပြောင်းလဲနေတာပဲ။
**နေမြင့် ညပျောက်**
**ကြောက်စရာကောင်းတဲ့**
**သင်္ခါရ လောကမှာ**
**တစ်ဦးကို တစ်ဦးစိတ်နာနေလို့**
**ဘာလုပ်မှာလဲကွာ။**
**ဘဝတာ တိုတိုမှာ**
**မေတ္တာရှိုရှိုလေးနဲ့**
**စိတ်မတို မငြိုငြင်ပဲ**
**ချစ်ချစ်ခင်ခင် နေကြစို့နော်။**



**သူငယ်ချင်း ...**

ငယ်စဉ်တောင်ကျေး ကလေးဘဝအစမှာ
မိဘတွေရဲ့ ဘဝ မလှပမှုကြောင့်
တို့တစ်တွေ မလွှဲသာခွဲခွာ
ကွဲကွာ သွားခဲ့ကြတာ
ကာလကြာမြင့် ခဲ့ပြီနော်။
နင် ဘယ်ဆီရောက်နေသလဲ။
ငါ ဘယ်ဆီရှိနေသလဲ။
နင်လည်း မသိ
ငါလည်း မသိ
တွေးမိတိုင်း ဝမ်းနည်းမိ။
ပြန်တွေ့လည်း မှတ်မိပါ့မလား မသိ။
**မသေခင် တစ်နေ့မှာတော့**
**(နင်နဲ့ ငါ) ပြန်တွေ့ချင်စမ်းပါဘိ။**

www.burmeseclassic.com

www.burmeseclassic.com

**သူငယ်ချင်း ...**

**ထန်းလျက်နှစ်လုံး ပူး**
**တစ်သက်မမုန်းဘူးနော်။**
လက်ဖက်မကြွေးတော့
တစ်သက်မဝေးပေါ့။
ချစ်ချစ်ခင်ခင်
အတူတူ နေချင်တယ်။
ပျော်ပျော်ရွှင်ရွှင်
ထာဝစဉ် နေချင်တယ်။
**နှင်နဲ့ ငါ**
**ဘယ်ခါ မခွဲ**
**အမြဲအတူ နေကြမယ်။**



**သူငယ်ချင်း ...**

ငယ်ငယ်ကတည်းက ပေါင်းသင်း
ညီရင်းအစ်ကိုလို နေခဲ့တဲ့
တို့ သူငယ်ချင်းနှစ်ယောက်
တစ်ယောက်နဲ့တစ်ယောက်
သစ္စာ မဖောက်ကြေး။
စိတ်မကောက် စိတ်မဆိုး
ကိုယ်ကျိုး မကြည့်ကြေး။
**သူ့ အကျိုး ကိုယ်လိုလား**
**ကိုယ့်အကျိုး သူ လိုလား။**
**နှလုံးသားမှာ စေတနာ**
**ကမ္ဘာတည်သရွေ့ မမေ့။**
**မင်းနဲ့ ငါ**
**သေခါမှ မေ့။**

www.burmeseclassic.com

www.burmeseclassic.com



## သူငယ်ချင်း ...

ငှက်တွေ မြင့်မြင့် ပျံကြတယ်။
ဖမ်းဖို့ ခက်သလို
မင်းလို သူငယ်ချင်းကို
မေ့ဖို့ ခက်ပါတယ်။
ကြယ်တွေ ကောင်းကင်ထက်မှာ
လင်းလက်နေတယ်။
ရယူနိုင်ဖို့ ခက်သလို
မင်းလို သူငယ်ချင်းကို
မုန်းဖို့ ခက်ပါတယ်။
ငါလည်း သေသွား
ပင်လယ်လည်း
ခမ်းခြောက်သွားမယ်ဆိုလည်း
**မင်းလို သူငယ်ချင်းကို**
**ဘယ်တော့မှ နှုတ်မဆက်ပါဘူးကွယ်။**

တောင်းသန့်
၂၊ ၁၂၊ ၉၉



## စာဖတ်သူသို့

– ဤစာအုပ်ကို
ကျေနပ်သဘောကျ ဖတ်ပြီးသောအခါ

– ရင်ထဲတွင်
ပြောချင်စရာများ ရှိလာခြင်းအံ့။

– စာဖြင့် ဖြစ်စေ
တယ်လီဖုန်းဖြင့် ဖြစ်စေ

– ပြောဆို ဆွေးနွေး
ရေးသား ဝေဖန်နိုင်ပါသည်။

– စာဖတ်သူ၏ အမြင်ကို
ကြားသိချင်လှပါ၏။

တောင်းသန့်

အမှတ် ၁၄၇၊ ပ–ထပ်၊ ၃၇ လမ်း(လယ်)
ရန်ကုန်မြို့။ ☎ ၂၇၈၃၆၈

www.burmeseclassic.com

www.burmeseclassic.com



သမီး အလိမ္မာလေးများအတွက်
ဖခင်တစ်ဦး၏ အနိုင်းမဲ့ မေတ္တာကို
သီကျုံးညွှန်းဖွဲ့ထားသည့်

## ကျောင်းသန့်

# သမီးလေးဖတ်ဖို့ (၃)

(ဒဿန စကားစုများ)

ဖတ်ပြီး မေ့ပစ်ရမည့် စာမျိုးမဟုတ်
အိပ်ရာနံဘေးတွင် အမြဲထားအိပ်ရမည့် စာအုပ်

**မကြာမီမျှော်**



အချစ်ဆုံးသို့ ... လိုမျိုး
နောက်တစ်အုပ် ရေးပါဦးဆိုသော
စာဖတ်သူများအတွက် ...

## ကျောင်းသန့်

# အချစ်ဘဝ ဒဿနများ

(အင်္ဂလိပ်–မြန်မာ နှစ်ဘာသာတွဲ)

(ဒဿန စာစုများ)

**မကြာမီ မျှော်**